# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ ကြာသပတေးနေ့ (25-12-2014) (၈၀၆၅)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

| | | |
|---|---|---|
| သဗ္ဗပါပဿ အကရဏံ | - | မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။ |
| ကုသလဿ ဥပသမ္ပဒါ | - | ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။ |
| သစိတ္တ ပရိယောဒပနံ | - | မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ) |
| ဧတံ ဗုဒ္ဓါန သာသနံ | - | ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။ |

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား ခရစ်တော်မွေးနေ့အကြို လာရောက်မေတ္တာပို့ဆုတောင်းကောင်းချီးပေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် မိသားစုတို့အား ခရစ်တော်မွေးနေ့အကြိုအဖြစ် မြန်မာနိုင်ငံ ခရစ်ယာန်ကောင်စီမှ အမှုဆောင်အတွင်းရေးမှူးနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က ယနေ့ညနေ ၆ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လာရောက်ကောင်းချီးပေးဆုတောင်းကြသည်။

ဆုတောင်းပွဲတွင် ဦးဖေဇင်အောင်နှင့် ဦးလင်းထက်တို့ ဦးဆောင်သော တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က ဓမ္မတေးသီချင်းများသီဆို၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတတို့အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ အမှုဆောင်အတွင်းရေးမှူး သိက္ခာတော်ရဆရာဦးစောဒိုးဒိုဝါးက နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အတွက် မေတ္တာပို့ဆုတောင်း ကောင်းချီးပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား ဓမ္မတေးအဖွဲ့မှ ကလေးငယ်တစ်ဦးက ခရစ္စမတ်လက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့က ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်က**(ယာပုံ)** အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



# ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုများမှ လျော့ပါးသက်သာစေနိုင်မည့် ဓမင်းဆိပ်ရေတံခါး


ဖျာပုံမြို့နယ် ဇင်းဘောင်ကျွန်းပတ်တာ ဓမင်းဆိပ်ရေတံခါး။

**ဖျာပုံ နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ဇင်းဘောင်ကျွန်းပတ်တာသည် စပါးသီးနှံအဓိကစိုက်ပျိုးသောဒေသဖြစ်ပြီး အရှေ့ဘက်တွင် ဖျာပုံမြစ်၊ အနောက်ဘက်တွင် ဘုရားကြီးရိုးတာ၊ ငါးကြီးရိုးတာ၊ တောင်ဘက်တွင် လက်ပန်ပင်ကျွန်း၊ မြောက်ဘက်တွင် ဓမင်းဆိပ်ချောင်းများနှင့် ထိစပ်လျက်ရှိကြောင်း သိရသည်။ ဇင်းဘောင်ကျွန်းပတ်တာအတွင်း နေထိုင်သူများသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းပါ တွဲဖက်လုပ်ကိုင်ကြသည်။ တာတမံအလျား ၁၅ မိုင်ရှည်သော ဇင်းဘောင်ကျွန်းပတ်တာအား ရေထုတ်အဆောက်အအုံ လေးလုံးဖြင့် စပါး(၁)စီမံကိန်းမှ ၁၉၈၃ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် တောင်သူများ၏ စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ မိုးစပါးအောင်ရေရရှိရေးနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ဟားခါး | (-၁) | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၅ | ဒီဂရီစင်တီဂရိတ် |

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။




**ကြေးမုံစာတည်းရှုထောင့် ၂၅-၁၂-၂၀၁၄၊ ကြာသပတေးနေ့**

# လွတ်လပ်ရေးဆိုသည်မှာ

လွတ်လပ်ရေးဆိုသည်မှာ "စွန့်စားကြိုးပမ်း၍ ဆွတ်ခူးယူရမည့် အောင်ပန်းဖြစ်သည်"ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

လွတ်လပ်ရေး၏ အဓိပ္ပာယ်ကို ပိုမိုသိရှိသဘောပေါက်စေရန်အတွက် မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပုံနှင့် ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရရှိရန်အတွက် ကြိုးပမ်းအားထုတ်ရပုံတို့ကို ပြန်လည်စူးစမ်းလေ့လာကြည့်သင့်ပေသည်။ အထွေထွေအားနည်းချက်၊ ချို့ယွင်းချက်တို့ကြောင့် လွတ်လပ်ရေးသည် တစ်ခဏတာကာလအတွင်း ဆုံးရှုံးသွားခဲ့ကြောင်းကို ၁၈၈၅ ခုနှစ် သီပေါမင်းပါတော်မူခဲ့သည့် မြင်ကွင်းက သက်သေပြလျက်ရှိပေသည်။

လွတ်လပ်ရေးဆုံးရှုံးရမှုသည် အလွယ်တကူဆုံးရှုံးနိုင်သော်လည်း ဆုံးရှုံးပြီးသော လွတ်လပ်ရေးကို ပြန်လည်ရရှိရန်အတွက် ကြိုးပမ်းရသည့် အလုပ်မှာမူ အလွန်တရာခက်ခဲပင်ပန်း၍ အသက် သွေး ချွေးတို့ ပေးဆပ်ခဲ့ရကြောင်း ကောင်းစွာသိရှိကြမည် ဖြစ်ပေသည်။ တစ်နည်းဆိုသော် လွတ်လပ်ရေးသည် တစ်ခဏတာအတွင်း ဆုံးရှုံးနိုင်သော်လည်း ပြန်လည်ရရှိရန်အတွက် နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲကြိုးပမ်းရပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် စွန့်စားကြိုးပမ်း၍ ဆွတ်ခူးရယူခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် အောင်ပန်းဖြစ်သည်။

မျိုးချစ်မြန်မာများ ခက်ခဲပင်ပန်းစွာကြိုးပမ်းရယူပေးခဲ့သော လွတ်လပ်ရေးကို ကျွန်ုပ်တို့ လက်ဝယ်ပိုင်ပိုင်ရရှိခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၆၇ နှစ်ရှိခဲ့ပေပြီ။ ရရှိပြီးသော လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ လွတ်လပ်သောနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရမည့်တာဝန်မှာ ယနေ့ မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။

လွတ်လပ်ရေးနှင့်ပတ်သက်၍ "လွတ်လပ်ရေးတွင် နိုင်ငံရေးသဘောအားဖြင့် လုံးဝလွတ်လပ်စွာနေဖို့ မခဲယဉ်းဘူး။ စီးပွားရေးလုံးဝလွတ်လပ်မှုကို ကြိုးစားမှခံစားနိုင်မယ်"ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်သောနိုင်ငံတော်တွင် စီးပွားရေးတိုးတက်ရန်အတွက် ကြိုးစားရန်လိုကြောင်း အမြော်အမြင်ရှိစွာဖြင့် မှာကြားထားခဲ့သည်။

မျက်မှောက်ကာလသည် ဒီမိုကရေစီခေတ်ကာလ ဖြစ်သည့်အားလျော်စွာ လွတ်လပ်သော လူ့အခွင့်အရေးများ၊ လွတ်လပ်သည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ကြပြီဖြစ်သည်။ ထိုသို့လုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတော်က လမ်းခင်းပေးလျက်ရှိသည့်နည်းတူ ပြည်သူပြည်သားအပေါင်းတို့ကလည်း ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရသည်။

စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းရန်အတွက် နိုင်ငံတကာမျက်နှာစာသစ်များကို တိုးချဲ့ဖွင့်လှစ်ကာ နိုင်ငံ့စီးပွားရေးတိုးတက်မြင့်မားစေရန် ကြိုးပမ်းအားထုတ်နေသည်ကိုလည်းတွေ့ရသည်။ နိုင်ငံတကာတွင်လည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုနေကြပြီး နိုင်ငံအများနှင့်ထိတွေ့ဆက်ဆံကာ နိုင်ငံတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နေသည်အထိ အောင်မြင်မှုများရရှိနေသည်ကို တွေ့ရသည်။

ထို့ကြောင့် စီးပွားရေးလွတ်လပ်ခြင်း၊ စီးပွားရေးတိုးတက်ခြင်းများကို ရရှိကာ အနာဂတ်တွင် လွတ်လပ်သော တိုးတက်သည့်နိုင်ငံကြီးဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါသည်။ ထိုသို့ဖြစ်လာအောင် တစ်ဖက်ကကြိုးပမ်းဆောင်ရွက်နေသလို တစ်ဖက်ကလည်း စည်းကမ်းရှိသည့် လွတ်လပ်သော နိုင်ငံကြီးသားများဖြစ်အောင် ကျင့်ကြံအားထုတ်ကြရမည်ဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ခိုင်မာကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်အတွက် ကျွန်ုပ်တို့နိုင်ငံသားအားလုံးက ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။ ။

## မြန်မာနိုင်ငံ ငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံအတွင်းရှိ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

## ဘားအံမြို့တွင် ကရင်နှစ်သစ်ကူးနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၄**

ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို နှစ်စဉ်ကရင်နှစ်သစ်ကူးနေ့ ကျရောက်သော ပြာသိုလဆန်း ၁ ရက်တွင် ကရင်ပြည်နယ်အတွင်းရှိ ဒေသအနှံ့အပြားတွင်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကရင်တိုင်းရင်းသားများရှိရာ ဒေသများတွင် ကရင်ရိုးရာနှစ်သစ်ကူးပွဲတော်များကို ကျင်းပလေ့ရှိကြသည်။

ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာမပျက် ကရင်သက္ကရာဇ် ၂၇၅၄ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၆ နာရီ အလင်းရောင်စထွက်ချိန်တွင် ဘားအံမြို့ သီရိကွင်း၌ ကရင်နှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို စတင်ကျင်းပရာ ကရင်အမျိုးသားများ သယ်ဆောင်လာသော ကရင်အမျိုးသားအလံအား ကရင်ရိုးရာကျွဲချိုမှုတ်ပြီး ဖားစည်တီးကာ ကရင်ပြည်နယ်နှစ်သစ်ကူးနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်က ကရင်အမျိုးသားအလံအား လွှင့်တင်ပေးသည်။ ထို့နောက် တက်ရောက်လာကြသူများက ကရင်အမျိုးသားအလံအား အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ကျင်းပရာ သဘာပတိ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းက ကရင်နှစ်သစ်ကူးနေ့ မိန့်ခွန်းအား ဖတ်ကြားသည်။ ထို့နောက် ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံအကျဉ်းအား မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာများဖြင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းသူများက အသီးသီး ဖတ်ကြားကြသည်။

အခမ်းအနားအပြီးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသားမောင်မယ်များ၊ ဧည့်သည်တော်များမှ နှစ်သစ်ကူး ကောက်သစ်စားပွဲကို တက်ရောက်ကြပြီး တပျော်တပါး ဆင်နွှဲကြသည်။ အဆိုပါကရင်နှစ်သစ်ကူးနေ့ပွဲတော်တွင် ပြခန်းများ၊ လက်ဝှေ့နှင့် အခြားအားကစားပြိုင်ပွဲများ၊ ကရင်ဒုံးယိမ်းနှင့် တိုင်းရင်းသားရိုးရာပဒေသာကပွဲများကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ထိစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

နေမျိုးလွင်(ပြန်/ဆက်)




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၀၅၀၀ | - | ၆၆၁၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၀၂၀၀ | - | ၆၆၁၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၄၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၇၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၁. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၁၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၂၂၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၃. ၇၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၈၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၁. ၆၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၃၅၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၃. ၂၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၅. ၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**မန္တလေး ဒီဇင်ဘာ ၂၄**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၂၃ ရက် ညပိုင်းတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ် ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ပြည်ထောင်စု လွှတ်တော်နာယကသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ပြီး ရွှေသက်န်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူတော်ငွေများ ပေးအပ်လှူဒါန်းကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့သည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၁၂-၂၀၁၄ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ ဓဇဂ္ဂသုတ် |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၅၉) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၄၂) |
| ၁း၀၀ | "နောင်တ နောင်မှမရစေချင်" တရားတော် [ရွှေပွင့်ဖြူဆရာတော်အရှင်နန္ဒိယ] |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach(Season-2) (လောင်းမလား) |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၉၂) |
| ၃း၅၀ | ၂၀၁၃ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကြိုတင်ပြင်ဆင်နေမှုများ |
| ၄း၀၀ | Cartoon Series (English Playground) |
| ၄း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |

## စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးစည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)မှ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးအစီအစဉ် (Symposium on Professionalism,Bioethics and Medicolegal Issue) နှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂၄၉) ရှိမြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များအားလုံးတက်ရောက်နိုင်ကြောင်း သိရသည်။ **(ဆရာဝန်အသင်း)**

# တည်ငြိမ်အေးချမ်းမှုရှိမှ တရားဥပဒေစိုးမိုးမှုရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်နှင့် ရမည်းသင်းခရိုင်တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ စံပြကျေးရွာကွင်း၌ ကျင်းပရာ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူလယ်သမားများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသဘာပတိ စဉ့်ကိုင်မြို့နယ်မှ တောင်သူ ဦးကြည်ပြုံးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်စား ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ကိုယ်စား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်သူလယ်သမားကိုယ်စားလှယ်များက အဆိုများကို ဖတ်ကြားတင်သွင်း ထောက်ခံဆွေးနွေးကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၇)ခရိုင်မှ တောင်သူလယ်သမားများကိုယ်စား မေးမြန်းတင်ပြကြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက်ပြောကြားရာတွင် ယနေ့ အခမ်းအနားတွင် သဘာပတိနှင့် ကော်မတီဥက္ကဋ္ဌတို့၏ တင်ပြသုံးသပ်ချက်များသည် တွေ့ဆုံပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြည့်ပြည့်စုံစုံ ပြောကြားနိုင်ခဲ့ကြောင်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များက အဆိုများတင်ပြခဲ့ရာတွင် ယနေ့ ခေတ်အခြေအနေနှင့် အလွန်ပင် ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် လေးစားစွာမှတ်သားပြီး ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနှင့် အတူ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ကတိပြု ပြောကြားလိုပါကြောင်း။

မိမိတို့ လွှတ်တော်ဝင်များသည် အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်ဖြင့် မူဝါဒချမှတ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်များကို မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်း ဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ ရေးဆွဲခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အတွင်းသာမက လွှတ်တော်ပြင်ပ၌ပါ ပြည်သူများ၏ အသံကို ယခုကဲ့သို့ တွေ့ဆုံပွဲများမှ တစ်ဆင့် ကြားနာနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ရပ်နားထားသည့် ကာလများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ သွားရောက်ခဲ့၍ ပြည်သူများ၏လေးနက်သည့် အသံများကို ကြားသိခဲ့ရပါကြောင်း။

ယနေ့တင်သွင်းသည့် အဆိုများကို လွှတ်တော်အတွင်း ယူဆောင်၍ လွှတ်တော်အဆိုများနှင့်ပေါင်းစပ်ပြီး ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းလုပ်ဆောင်သွားမည်ကို ကတိပြု ပြောကြားလိုပါကြောင်း။

ယနေ့ဆွေးနွေးခဲ့သည့် အဆိုများနည်းတူ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အတွင်း တင်ပြဆွေးနွေးခဲ့မှုများရှိပါကြောင်း၊ ယင်းသို့ ဆွေးနွေးမှုရလဒ်အရ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေ ပိုမိုရရှိရေး၊ ချေးငွေကာလ တိုးမြှင့်ရေး၊ ပျက်စီးဆုံးရှုံးသွားသော သီးနှံများအတွက် ထောက်ပံ့ငွေပေးရေး၊ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးပေးရေး၊ သီးနှံအလိုက် ထိုက်သင့်သည့် ဈေးနှုန်းရရှိရေး၊ ချေးငွေများချေးယူသည့်အခါ ကိုယ့်တာဝန်ကိုယ်ယူရန်အတွက် ဝိုင်းကြီးချုပ်စနစ်မှ ကင်းလွတ်စေရေး စသည့် အချက်များကို ဥပဒေတွင် ထည့်သွင်းရေးဆွဲပေးနိုင်ခဲ့ကြောင်း။

မြေယာပြဿနာဖြေရှင်းပေးရေးသည်လည်း အမြန်ဆုံးအကောင်အထည်ဖော်ရမည့်လုပ်ငန်းပင် ဖြစ်ပါကြောင်း၊ တစ်နေရာနှင့်တစ်နေရာ မတူညီသော်လည်း ကြုံတွေ့နေရသည့် မြေယာပြဿနာများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်ကပင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာများ ဖြစ်ပါကြောင်း၊ သို့သော် လက်ရှိအစိုးရနှင့် လွှတ်တော်တို့၏ ကျန်ရှိသည့် တစ်နှစ်ကျော် သက်တမ်းကာလအတွင်း အပြီးဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်ထောင်စု လွှတ်တော်က လယ်ယာမြေနှင့် အခြားမြေများ မတရားသိမ်းဆည်းမခံရရေးအတွက် အဆိုတင်သွင်းဆွေးနွေးပြီး လယ်ယာမြေစုံစမ်းရေးကော်မရှင် ဖွဲ့စည်းကာ လေ့လာတွေ့ရှိချက်များကို မူတည်၍ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရကလည်း မြေယာစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဒုတိယသမ္မတ ဦးစီး၍ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်ဆင့် မြေယာစီမံခန့်ခွဲရေး ကော်မတီများအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့ပါကြောင်း၊ တာဝန်အရှိဆုံးမှာ ရပ်ကွက်၊ကျေးရွာ မြေယာစီမံခန့်ခွဲရေး ကော်မတီများပင်ဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဥပဒေအကြောင်းအရ အခက်အခဲရှိပါက မိမိတို့လွှတ်တော်များကို တင်ပြလျှင် အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုရှိမှ တရားဥပဒေစိုးမိုးမှုရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှလည်း တည်ငြိမ်အေးချမ်းမှု တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေများကို နားလည်သိရှိရန်လိုကြောင်း၊ ဥပဒေနားမလည်လျှင် တတ်သိနားလည်သူများကို မေးမြန်းရန်လိုကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက်ဆိုလျှင် အစိုးရအဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်ကို ရောက်ရှိပါစေဟု ဆုတောင်းတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု လွှတ်တော်နာယကသည် တက်ရောက်လာကြသော တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးသည် နိုင်ငံတစ်ခုအတွက် ဦးစားပေးလုပ်ဆောင်ရမည့် အရေးကြီးဆုံးလုပ်ငန်းတာဝန်ဖြစ်



**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးသည် နိုင်ငံတစ်ခုအတွက် ဦးစားပေးလုပ်ဆောင်ရမည့် အရေးကြီးဆုံး လုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းချိန်မှစတင်၍ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အလေးထား ဆောင်ရွက်နေကြောင်း၊ မိမိနိုင်ငံ၏ ကမ်းရိုးတန်းသည် အလျားမိုင် ၁၃၀၀ ကျော်ရှည်လျားပြီး နိုင်ငံတော် ကာကွယ်ရေးအတွက် သူ့ဘက်ကိုယ့်ဘက် သက်ရောက်နိုင်မှုရှိသည့် ကျွန်းပေါင်း ၃၀၀၀ ကျော်ရှိသဖြင့် ယင်းတို့အား လုံခြုံအောင် ကာကွယ်စောင့်ရှောက်ရန်မှာ လွန်စွာတာဝန်ကြီးမားကြောင်း၊ ယနေ့ တပ်မတော်အတွက်၊ တပ်မတော်(ရေ) အတွက် သမိုင်းဝင်မော်ကွန်းတင်ရမည့် ဖရီးဂိတ်စစ်ရေယာဉ် ကျန်စစ်သားအား တပ်တော်ဝင်နိုင်ခဲ့ကြောင်း၊ ဖရီးဂိတ်စစ်ရေယာဉ်များသည် သီးခြားလွတ်လပ်စွာ စစ်ဆင်နိုင်စွမ်းရှိကြပြီး မိမိတို့၏ကိုယ်ပိုင် ဒီဇိုင်းပုံစံ၊ စိတ်ကူးစိတ်သန်းဖြင့် အစ၊ အလယ်၊ အဆုံး တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အစွမ်းထက်မြက်သည့် လက်နက်စနစ်များကိုပါ တပ်ဆင်ထားရှိကြောင်း၊ (၆၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြှင့်တင်ပေးနိုင်မည့် ကျန်စစ်သားဖရီးဂိတ်စစ်ရေယာဉ်အား တပ်တော်ဝင်နိုင်ခဲ့သည့်အတွက် သဘောတည်ဆောက်ခဲ့ကြသည့် တပ်မတော်(ရေ)မှ အရာရှိ အရာခံ၊ အကြပ်စစ်သည်များ၊ ယင်းစစ်သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ကြမည့် အရာရှိစစ်သည်များ အားလုံးအတွက် ဂုဏ်ယူပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း ဖရီးဂိတ်စစ်ရေယာဉ်အား ထိုက်တန်စွာ အသုံးပြုနိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ အင်ဂျင်နီယာပညာရှင်များကလည်း မျိုးဆက်သစ်များကိုပါ လက်ဆင့်ကမ်းလက်တွဲခေါ်၍ ယခုထက် ပိုမိုစွမ်းရည်မြင့်မားသော တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသော နိုင်ငံတော်အတွက် လိုအပ်သည့် စစ်ရေယာဉ်များဆက်လက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် အမှတ်(၃) ရေတပ်ဆိပ်ခံတံတားတွင် ကျင်းပသည့် စစ်ရေယာဉ်များ တပ်တော်ဝင် အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် သန်လျင်တပ်နယ်မှ အရာရှိ စစ်သည်မိသားစုများတက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်းက တပ်တော်ဝင် အခမ်းအနားနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်တင်ပြပြီး ရေတပ်သင်္ဘောကျင်းဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံသို့ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ဉင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ)မှ တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ်ကြေညာရာ နိုင်ငံတော်သီချင်းတီးမှုတ်ခြင်း၊ တပ်တော်ဝင် အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်ရေယာဉ်ကျန်စစ်သားပေါ်သို့ ရောက်ရှိရာ စစ်ရေယာဉ် တာဝန်ကျတပ်ဖွဲ့က ကြိုဆိုအလေးပြုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အလေးပြုခံစင်မြင့်ပေါ်သို့ တက်ရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။ ထိုအချိန်တွင် စစ်ရေယာဉ် ရန်တိုင်းအောင်မှလည်း အမြောက် ၁၉ ချက်ပစ်ဖောက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီးဂိတ်စစ်ရေယာဉ် အောင်ဇေယျ ဦးဆောင်သော စစ်ရေယာဉ်များက Single Formation Line ပုံပြုမောင်းနှင်၍ ချီတက်အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေတပ်သင်္ဘောကျင်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မြင့်ဦးနှင့် ရေယာဉ်စုမှူး ဒုတိယဗိုလ်မှူးကြီး ဇော်လတ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဉင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ် (ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုထားသော ပထမဆုံး ကျည်ဆန်အား အထိမ်းအမှတ် လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် စစ်ရေယာဉ်များအား လှည့်လည်ကြည့်ရှုကြရာ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် စစ်ရေယာဉ်မှူးတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ စစ်သည်၊ မိသားစုများနှင့် စစ်ရေယာဉ်တည်ဆောက်စဉ် ပါဝင်ခဲ့သည့် အငြိမ်းအစားအရာရှိ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီ ရေတပ်စခန်းဌာနချုပ် အတွင်း(၆၇)နှစ်မြောက်တပ်မတော်(ရေ)နေ့ အထိမ်းအမှတ်ပြခန်းများနှင့် အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(ဝဲအပေါ်ပုံ)**

ယနေ့ကျရောက်သော (၆၇) နှစ်မြောက်တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီ ရေတပ်စခန်းဌာနချုပ်၌ အရုဏ်ဆွမ်းကပ်ခြင်းနှင့် စစ်ရေးပြအခမ်းအနားများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်(ရေ)၏ လေ့ကျင့်ရေးဗဟိုဌာနကြီးဖြစ်၍ တပ်မတော်(ရေ)အတွက် အရည်အချင်းပြည့်ဝသည့် အရာရှိ၊ စစ်သည်များ လေ့ကျင့်မွေးထုတ်



**နေပြည်တော် ဒီဇင်ဘာ ၂၄**

တပ်မတော် လေ့ကျင့်ရေးတွင် အခြေခံလေ့ကျင့်ရေးနှင့် ပညာရပ်ဆိုင်ရာ လေ့ကျင့်ရေးဟူ၍ရှိကြောင်း၊ အရာရှိ၊ စစ်သည်များစွာကိုသင်ကြားပို့ချနေသည့် တပ်မတော်(ရေ)၏ လေ့ကျင့်ရေး ဗဟိုဌာနကြီးဖြစ်၍ တပ်မတော်(ရေ)အတွက် အရည်အချင်းပြည့်ဝသည့် အရာရှိစစ်သည်များလေ့ကျင့်မွေးထုတ်ပေးရမှာဖြစ်ကြောင်း၊ တပ်မတော်လေ့ကျင့်ရေးကျောင်းများ၏ အဆင့်အတန်းသည် နိုင်ငံတကာအဆင့်မီဖြစ်ရန် လိုသကဲ့သို့ သက်ဆိုင်ရာဘာသာရပ်များကိုလည်း နိုင်ငံတကာအဆင့်မီစွာ သင်ကြားပို့ချနိုင်ရန် သင်ကြားပေးသည့် ဘာသာရပ်များအား လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချနိုင်ရန်လိုကြောင်း၊ သင်တန်းသားများအား ကျွမ်းကျင်စွာလေ့ကျင့်ပေးနိုင်ရန် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာရှိရန် လိုအပ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် နည်းပြကောင်းများရှိရန်လည်း လိုကြောင်း၊ လက်ရုံးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လိုအပ်ပါက စစ်မြေပြင်တွင်တိုက်ပွဲဝင်နိုင်ရမည်ဖြစ်သကဲ့သို့ ရေတပ်ဖွဲ့ဝင်များအားလုံးသည်လည်း သင်္ဘောပေါ်တွင် ပင်လယ်ပြင်တာဝန်ကို အချိန်မရွေး ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးကျောင်းအစည်းအဝေးခန်းမ၌ လေ့ကျင့်ရေးကျောင်းမှ အရာရှိကြီးများအား အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့ဝင်များ လိုက်ပါ၍ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အစည်းအဝေးခန်းမတွင် ဌာနချုပ်မှူးက လေ့ကျင့်သင်ကြားရေးပိုင်းဆိုင်ရာများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Shiphandling Simulator သို့ရောက်ရှိပြီး Bridge Room နှင့် Engine Room တို့တွင် သက်ဆိုင်ရာ နည်းပြများ၏ လက်တွေ့သရုပ်ပြ သင်ကြားမှုများ၊ Planetarium နက္ခတ်တာရာပြခန်းတွင် သက်ဆိုင်ရာနည်းပြမှ လက်တွေ့သရုပ်ပြ ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ❖ ရေကြီးနစ်မြုပ်မှုမှ

နွေရာသီပင်လယ်ဒီရေ(ရေငန်) မဝင်ရောက်စေရေးသည် အရေးပါသောအချက်တစ်ခုဖြစ်ရကား ယခုအခါ အဆိုပါကျွန်းပတ်တာအတွင်း လွန်ခဲ့သောနှစ်များအတွင်းက ထူးကဲဒီရေမြင့်တက်မှုနှင့် ထူးကဲမိုးရွာသွန်းမှုများကြောင့် ကျွန်းတွင်းရှိ ရေပိုရေလျှံများ ထုတ်နုတ်ပစ်ရာတွင် လက်ရှိရေထုတ် အဆောက်အအုံလေးလုံးမှ စီးဝင်သော အပြင်ချောင်းမကြီးများ တိမ်ကောလာပြီး နိုင်နင်းမှုတစ်စွာအချိန်မီ ထုတ်မပေးနိုင်သဖြင့် ဒေသခံများက အကြိမ်ကြိမ်လာရောက် တင်ပြတောင်းဆိုခဲ့မှုတို့အပေါ် ဌာနမှလုပ်ငန်းလိုအပ်ချက်အရ ထိုဒေသတွင် ခမင်းဆိပ်ရေတံခါး တည်ဆောက်ခွင့်ရရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါခမင်းဆိပ်ရေတံခါးတည်ဆောက်ပြီးစီးပြီဖြစ်၍ တင်ပုလွဲကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စုသုံးစုရှိ စိုက်ဧက ၂၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကျွန်းပတ်တာအပြင်ဘက်ရှိ ဇင်းဘောင်ချောင်းနှင့် ကံ့ကြက်(အနောက်)ချောင်းများ တိမ်ကောလာသဖြင့် ရေပိုထုတ်လွှတ်မှုနှောင့်နှေးကြန့်ကြာရသည့်အတွက် ခမင်းဆိပ်ရေတံခါးကို ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု လုပ်ငန်းအဖြစ် အချိန်နှင့်တစ်ပြေးညီ တည်ဆောက်ရခြင်းဖြစ်ကြောင်း ဦးဇော်ဇော်(လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြ)၊ ဆည်မြောင်းဦးစီးဌာန ဖျာပုံခရိုင်၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

"အဓိကဦးတည်ချက်ကတော့ ဒေသဖွံ့ဖြိုးရေးဦးစားပေးပေါ့။ နောက်တစ်ချက်ကတော့ ပြောင်းလဲလာတဲ့ ဒေသန္တရသဘာဝဖြစ်စဉ်တွေ၊ တစ်နှစ်ထက်တစ်နှစ် ဆိုးရွားလာတဲ့ ရာသီဥတုဖြစ်စဉ်တွေ တိမ်ကောလာတဲ့မြစ်၊ ချောင်းတွေစတဲ့ အချိုးမညီတဲ့ ဂေဟဗေဒစနစ်(Eco-System) တွေရဲ့အခြေအနေအရတည်ဆောက်ပေးရတာလည်း ပါတာပေါ့။ ဒီရေတံခါးကိုအရွယ်အစား ၄ ပေ× ၄ ပေ လေးပေါက်၊ Sill Level {RL(-2)} ထားရှိပြီး Discharge(63) ft3/sec နဲ့ အသေအချာဒီဇိုင်းလုပ်ပြီး တည်ဆောက်ပေးထားတာပါ။ ဒီရေတံခါးအခုလုံးဝတည်ဆောက်ပြီးစီးသွားပြီဖြစ်တဲ့အတွက် ဇင်းဘောင်ကျွန်းပတ်တာအတွင်းမှာရှိတဲ့စိုက်ဧက ၂၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုနဲ့ ရေငန်ဝင်ရောက်မှုကနေ ကာကွယ်ပေးသွားနိုင်မှာပါ"ဟု အဆိုပါ ရေတံခါးတည်ဆောက်ရေးနှင့် ဇင်းဘောင်ကျွန်းပတ်တာထိန်းသိမ်းရေးတာဝန်ခံ ဒု-ဦးစီးမှူး ဦးအောင်ဇော်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

**(သပြေထွန်း)**

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး စိစစ်ရွေးချယ်ရေး ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက် အမှာစကားပြောကြားသည်။**(ယာပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခု ဆွေးနွေးနေသည့် အစီအစဉ်အရ ကျင်းပမည့် အခမ်းအနားသည် တတိယအကြိမ်မြောက် ဆက်လက်ကျင်းပမည့် အခမ်းအနားပင်ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနားကို ၂၀၁၅ ခုနှစ် မေလအတွင်း ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းမှုအနေဖြင့် ယခင်နှစ်က ဖွဲ့စည်းထားပြီးသည့် ကော်မတီများအတိုင်းဖြစ်ပြီး ယခုနှစ်များတွင် သက်ဆိုင်ရာကော်မတီများအလိုက် လိုအပ်သည်များကို ပြင်ဆင်ပြောင်းလဲ လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ယခုနှစ်တွင် တတိယအကြိမ်မြောက် ကျင်းပမည့် အခမ်းအနားတွင် ထူးခြားမှုများ ရှိနေပါကြောင်း၊ ယင်းမှာ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဆုများကို ယခင်နှစ်များက ဆုခုနစ်မျိုး လျာထားသတ်မှတ် ချီးမြှင့်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် ဆုအမျိုးအစား နှစ်ဆုကို ပိုမိုတိုးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယင်းတို့မှာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့၏ အကောင်းဆုံးစွမ်းဆောင်ဆုနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အကောင်းဆုံး စွမ်းဆောင်ဆုနှစ်ဆုပင် ဖြစ်ပါကြောင်း၊ ထို့အတွက် စုစုပေါင်း ဆုအမျိုးအစား ကိုးမျိုးကို ပေးအပ်ချီးမြှင့်သွားရန် လျာထားသတ်မှတ်ထားပါကြောင်း။

သက်ဆိုင်သည့် လုပ်ငန်းကော်မတီများအနေဖြင့် အကဲဖြတ်အမှတ်ပေးစည်းမျဉ်းနှင့် ဇယားကို မိမိတို့လုပ်ငန်းကော်မတီအတွင်းတွင် ဦးစွာညှိနှိုင်းရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ညှိနှိုင်းဆွေးနွေးပြီး အကဲဖြတ်အမှတ်ပေးစည်းမျဉ်းများကို ရေးဆွဲသွားကြရမည်ဖြစ်ပါကြောင်း။

လူမှုရေးဆိုင်ရာအတွက် ပေးအပ်ချီးမြှင့်မည့် ဆုအမျိုးအစားလေးမျိုးရှိပါကြောင်း၊ လေးမျိုးဖြစ်သော်လည်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဆောင်ရွက်မှုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ အကောင်းဆုံးဆုများ ပေးအပ်နိုင်စေရန် ပညာရေးနှင့် ကျန်းမာရေးတို့တွင် တစ်ဦးတစ်ယောက်ချင်း စွမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များလည်း ရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ်တွင်လည်း လူမှုရေးနှင့်ပတ်သက်၍ ရွေးချယ်ရခက်သည့် အခက်အခဲလေးများ ရှိခဲ့ပါကြောင်း၊ ဆုအမျိုးအစား နှစ်မျိုးပေါ်တွင် သက်ဆိုင်ရာလုပ်ငန်းကော်မတီအနေဖြင့် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး အကဲဖြတ်အမှတ်ပေးစည်းမျဉ်းများကို ရေးဆွဲတင်ပြသွားရန်ဖြစ်ပါကြောင်း။

စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်မှုများတွင်လည်း ယခင်နှစ်ကအတိုင်း ဆက်လက်ပေးအပ်ချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ တီထွင်မှုဆုတွင်လည်း စာတမ်းသက်သက်မျိုး မဟုတ်စေရဘဲ လက်တွေ့ကျကျ လုပ်ငန်းခွင်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ပြီး ပြည်သူလူထုအတွက် အကျိုးပြုမည့် ပညာရပ်ဆိုင်ရာ တီထွင်မှု ဖြစ်သင့်သည်ဟူသည်ကို အကဲဖြတ်အမှတ်ပေးဇယားတွင် ညှိနှိုင်းဆွေးနွေးရေးဆွဲသွားကြရမည် ဖြစ်ပါကြောင်း။

ယမန်နှစ်များက ပထမဆုရရှိခဲ့ဖူးသည့်သူများကို နောက်တစ်နှစ်တွင် ထပ်မံချီးမြှင့်မည် မဟုတ်သော်လည်း ၎င်းအနေဖြင့် ယမန်နှစ်ကစံချိန်ကို ချိုးအောင် စွမ်းဆောင်နိုင်မည်ဆိုပါက အထူးဂုဏ်ထူးဆောင်ဆုများကိုလည်း ထည့်သွင်းဂုဏ်ပြုပေးသွားမည့် အစီအစဉ်များဖြစ်ပါကြောင်း၊ အကဲဖြတ်အမှတ်ပေးစည်းမျဉ်းအရ စနစ်တကျ ရွေးချယ်ချီးမြှင့်ပေးသွားရန် လိုအပ်ပါကြောင်း၊ ယခင်နှစ်များကအတိုင်း ဘက်စုံထူးချွန် ကျောင်းသားလူငယ်၊ ကင်းထောက်လူငယ်များကို ဖိတ်ခေါ်ကာ ယခင်နှစ်များအတိုင်း အတွေ့အကြုံများ ဖလှယ်ခြင်း၊ ဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ကျင်းပမည့် အခမ်းအနားတွင် သတင်းထုတ်ပြန်နိုင်ရေးအတွက်လည်း အချိန်ဇယားများရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဆုတံဆိပ်များပြုလုပ်မည့် ကော်မတီအနေဖြင့် ပေးအပ်ချီးမြှင့်မည့် ဆုတံဆိပ်နှင့် မှတ်တမ်းများကို စနစ်တကျ လုပ်ဆောင်ထားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဆုချီးမြှင့်ပေးအပ်သွားနိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အစီအမံများ၊ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လိုအပ်ချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လူမှုရေးဆိုင်ရာဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က လုပ်ငန်းဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြပြီး ဆုချီးမြှင့်ရေးနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရှင်းလင်းတင်ပြရာ ဆုချီးမြှင့်ရေးနှင့် ပတ်သက်၍ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က လိုအပ်သည်များအပေါ် ရှင်းလင်းဆွေးနွေးကြပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်သမ္မတအနေဖြင့် ထူးချွန်သူများကို နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့် အသိအမှတ်ပြုခြင်းသည် ထူးချွန်သူများ ပိုမိုပေါ်ထွက်လာစေရန်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၏ ထူးချွန်သူကိုသာ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ရွေးချယ်ရာတွင် ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် ရွေးချယ်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် နေ့ရက်တွင် အကောင်းဆုံး ပြကွက်များ ပြသနိုင်ရေးနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆုတံဆိပ်များ ပြုလုပ်မည့်ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ငယ်ဖြင့် ကွင်းဆင်းစစ်ဆေးနိုင်ရေး စီမံဆောင်ရွက်ပေးမည့် အစီအစဉ်များအပေါ် ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

ခါကာဘိုရာဇီ ကားမျိုးစုံစင်းလုံးငှါးအထူးလျှော့ဈေး
> ကျိုက်ထီးရိုး/ဖျောဝ်းသာ (ဈေး/တည်းခိုမိ်း–၂၅၀၀၀)
> ငွေဆောင် (ဈေး/တည်းခိုမိ်း– ၂ ညအိပ်၊ ၃ရက်– ၄၅၀၀၀)
> အင်းလေး၊ ပင်းတယ၊ ကလော၊ ထန်စမ့်ဂူ
> မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်း၊ ဆွမ်းဦးပုညရှင်
> ပုဂံ (ရွှေစည်းခုံ/ညောင်ဦး) ၊ ပခုက္ကူ ပုပ္ပါး အပတ်စဉ်(သော/ကြာ)
တိုက်(၂၇၈)၊ တာမွေ။
01 541365
0973257853




S.M.H English classes
IELTS
( Foundation, Preparation & Exam )
လိုချင်သော Band Score အတိုင်းရအောင် သင်ကြားပေးသော သီးသန့်တန်းများ
● Basic , Pre နှင့် Intermediate (၃)လသင်တန်းများ
● TOEFL နှင့် IGCSE သီးသန့်သင်တန်းများ
သင်တန်းအပ်လက်ခံပြီ
Contact person Saya Prin Chan
167/173 (B4) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-392737 , 09-5105529 , 09-31560908

**ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်**

ကျွန်ုပ်၏ မိတ်ဆွေပိုင် PAL 8 Co., Ltd.သည် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများကို ပူးတွဲပါမှတ်ပုံတင်အမှတ်များဖြင့် ကုမ္ပဏီ၏ မူပိုင်အမှတ်တံဆိပ်အဖြစ် အသုံးပြုရန် (၁၈–၁၁–၂၀၁၄)ရက်နေ့တွင် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

၄/၁၈၀၂၈/၂၀၁၄ ၄/၁၈၀၂၉/၂၀၁၄ ၄/၁၈၀၃၀/၂၀၁၄ ၄/၁၈၀၃၀/၂၀၁၄

၄/၁၈၀၃၂/၂၀၁၄ ၄/၁၈၀၃၃/၂၀၁၄ ၄/၁၈၀၃၄/၂၀၁၄ ၄/၁၈၀၃၅/၂၀၁၄

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားများဖြင့် မုန့်မျိုးစုံ၊ ကီးချိန်းအမျိုးမျိုး၊ ဘောပင်အမျိုးမျိုး၊ စာအုပ်အမျိုးမျိုး၊ ခွက်အမျိုးမျိုး၊ ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ တီရှပ်(ကျား/မ)အမျိုးမျိုး (အရွယ်စုံ၊ ဆိုက်စုံ၊ ပိတ်စအသားမျိုးစုံ)၊ အင်္ကျီ(ကျား/မ)အမျိုးမျိုး (အရွယ်စုံ၊ ဆိုက်စုံ၊ ပိတ်စအသားမျိုးစုံ)၊ အခြားစားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုးအပါအဝင် အထက်ဖော်ပြပါ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများနှင့် ဆက်စပ်ပတ်သက်နေသော အရာဝတ္ထုများအားလုံးပေါ်တွင် ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ပြုလုပ် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ခတ်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ကုန်အမှတ်တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူရိုးမှားဖြစ်စေ တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်နေပါက PAL 8 Co., Ltd.မှ ကုမ္ပဏီ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးချမ်းမြေ့အောင်
LL.B, B.A(Business Law), D.I.L, D.M.L, Dip.CA,
WIPO (Switzerland), B.D.S (MOFA), D.A(UK)
အထက်တန်းရှေ့နေ
အမှတ် (၁၇၀/၁၇၄)၊ လမ်းမတော်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၅၀၈၉၇၆၅၊ ၀၉–၇၉၆၂၃၃၇၉၉

# ဘယ်လိုစဉ်းစားကြမှာလဲ

မောင်ပြည့်ချစ်

စာရေးသူမှတ်သားဖူးပါသည်။

"ကျွန်ုပ်တို့သည် ပြည်သူတို့၏ အခွန်အတုတ်များမှ လစာစားနေကြသည့်နိုင်ငံ့ဝန်ထမ်းများဖြစ်သည်ကို အမြဲ မမေ့အပ်ပါ"

"သင်တို့သည် ပြည်သူများ၏ အခွန်အတုတ်များမှ စားသောက်သုံးစွဲနေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ရာ ပေးအပ်သောတာဝန်မည်မျှကျေပွန်ကြသည်ကို နေ့စဉ်ဆန်းစစ်ဖို့လိုသည်"

"ကျွန်ုပ်တို့သည် နိုင်ငံတော်မှ ကျွေးသော ထမင်းများကိုစား၍ နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပါမည်"

ဤဆောင်ပုဒ်များက ကျွန်တော်တို့၏စိတ်နှလုံးကို ငယ်စဉ်ကပင် သံမှိုတပ်ပေးခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများ၊ အစိုးရတာဝန်ယူထားသော အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးတာဝန်ယူထားသော လွှတ်တော်(ကွန်ဂရက်)၊ တရားစီရင်ရေးတာဝန်ယူထားသော တရားရေးမဏ္ဍိုင်များအားလုံး၏ လစာ၊ အသုံးစရိတ်၊ နေအိမ်၊ ယာဉ်၊ ခံစားခွင့်များအတွက် ဘဏ္ဍာငွေများ မည်သည့်နေရာမှ ရရှိပါသနည်း။

ပြည်သူများအားလုံး နေ့စဉ်နှင့်အမျှ နိုင်ငံတော်အတွက် အခွန်ပေးဆောင်နေကြရသည်။ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ တည်းခိုခန်း၊ ဟိုတယ်များမှတစ်ဆင့် အခွန်ပေးဆောင်ရသည်။ သုံးစွဲမှုများမှ အခွန်ပေးဆောင်ရသည်။ ကုန်သွယ်မှုမှ အခွန်ပေးဆောင်ရသည်။ ပြည်ပမှ သွင်းကုန်အတွက်၊ ပြည်တွင်းမှ ထုတ်ကုန်အတွက် အခွန်ပေးဆောင်ကြရသည်။ ဝန်ဆောင်မှုအတွက် အခွန်ပေးဆောင်ရသည်။ လမ်းအသုံးပြုမှု၊ တံတားအသုံးပြုမှု၊ တယ်လီဖုန်းအသုံးပြုမှုအတွက် အခွန်ဆောင်ရသည်။ ရေခွန်၊ မီးခွန်၊ မြေခွန်၊ အရောင်းအဝယ်ခွန်၊ ယစ်မျိုးခွန်တို့လည်း ထမ်းဆောင်ကြရသည်။ ဝင်ငွေအပေါ်တွင်လည်း အခွန်ဆောင်ရသည်။ စာရေးသူကိုယ်တိုင်လစဉ်အခွန် ငွေကျပ် ၂၀၀၀၀ မှန်မှန်ပေးဆောင်လျက်ရှိသည်။

ထိုသို့ ရရှိကောက်ခံထားသော အခွန်အတုတ်များကို မည်ကဲ့သို့ သုံးစွဲကြပါသနည်း။

ကျောင်းတွေဆောက်ကြသည်။ ဆရာ ဆရာမတွေခန့်ကြသည်။ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုများ ချီးမြှင့်ကြသည်။ အလယ်တန်းအဆင့်အထိ အခမဲ့ပညာရေးဖြစ်လာခဲ့သည်။ တက္ကသိုလ်များအဆင့်မြှင့်တင်ပေးနေသည်။

ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ကြသည်။ ဆရာဝန်၊ သူနာပြုဆရာမ၊ သားဖွားဆရာမများ အလုံးအရင်းနှင့် ခန့်အပ်နေသည်။ ဆေးဝါးများ အခမဲ့ပေးသလို ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနေကြသည်။

လူမှုကာကွယ်ရေး၊ လူမှုဖူလုံရေးများတိုးမြှင့်သုံးစွဲလျက်ရှိသည်။ လမ်းမကြီးများ၊ မြစ်ကူးတံတားများ ဖောက်လုပ်ပေးနေသည်။ ဆည်မြောင်း၊ တာတမံများ၊ ရေအားလျှပ်စစ်ကြီးများ တည်ဆောက်ပေးနေသလို ရေတွင်း ရေကန်များ တူးဖော်ပေးနေသည်။ ဆိပ်ကမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်နေကြသည်။ လျှပ်စစ်မီးကြိုးများ တစ်ပြည်လုံးအနှံ့ သွယ်တန်းပေးနေကြသည်။

ရုံးများ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်နေသလို အဆင့်အသီးသီးအသုံးပြုနေသော ဇိမ်ခံကားမှ ဘတ်စ်ကားအထိဝယ်ယူသုံးစွဲနေကြသည်။ နေ့စဉ်စက်သုံးဆီများ၊ တယ်လီဖုန်း၊ အင်တာနက်များ သုံးစွဲနေကြသည်။

တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များ ခန့်ထားရသည်။ တရားသူကြီးများခန့်ထားရသည်။ ဥပဒေအရာရှိများ ခန့်ထားရသည်။ ရဲစခန်းများ၊ မြို့နယ်အုပ်ချုပ်ရေးရုံးများတည်ဆောက်ပေးနေရသည်။ အကျဉ်းထောင်များလည်း လိုအပ်ပြန်သည်။

ယနေ့အာဆီယံနိုင်ငံများအကြား ခမ်းနားကြီးကျယ်လှသောလွှတ်တော်အဆောက်အအုံများလည်း ဆောက်လုပ်ပေးခဲ့ရသည်။ အစိုးရရုံးများလည်း ဤအခွန်အတုတ်များမှသုံးစွဲပေးရသည်။

အရေးကြီးဆုံးမှာ တိုင်းပြည်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဖြစ်သည်။ အင်အားတောင့်တင်းသော၊ ခေတ်မီသော ကြည်း/ရေ/လေ တပ်မတော်ကြီး တည်ဆောက်ကြရမည်။

ယနေ့ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နေသော သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သောအစိုးရသည် ဒီမိုကရေစီစနစ်အား အခြေခံကောင်းများ ချထားနေသူဖြစ်သည်။ နေရာတိုင်း ပြုပြင်နေရသည်။ နေ့စဉ်နှင့်အမျှ ရှေ့သို့တိုးတက်ရန် စဉ်းစားဆောင်ရွက်နေရသည်။ လေးနှစ်ခန့်အချိန် မည်ကဲ့သို့ ကုန်ဆုံးသည်ပင်သတိမရနိုင်။

အစိုးရတိုင်းသည် မိမိကိုရွေးကောက်တင်မြှောက်ထားသော ပြည်သူအားလုံးကို အလေးထားချစ်မြတ်နိုးမည်မှာ မုချဧကန်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအပါအဝင်ဖြစ်သည်။ အရာရာတိုင်းအပေါ် စဉ်းစားစီမံရာဝယ် ပြည်သူအများစုအတွက် ပို၍ အလေးထားဆောင်ရွက်ရန်မှာ အဓိကဖြစ်သည်။

လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများအား ၂၀၁၁-၂၀၁၂/၂၀၁၂-၂၀၁၃/၂၀၁၃-၂၀၁၄ သုံးနှစ်အတွင်း လစာ/အပိုဆောင်း ငွေကျပ် ၇၀၀၀၀ တိုးပေးခဲ့ခြင်းက သက်သေပြုသည်။ ယခု ၂၀၁၄-၂၀၁၅ တွင်လည်းတိုးပေးရန် အစိုးရအနေဖြင့် တွက်ချက်လျက်ရှိသည်။

နိုင်ငံတော်တစ်ရပ်လုံးကို ခြုံ၍သုံးသပ်ရပါက မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး၏ ၂ ရာခိုင်နှုန်းမျှရှိသော နိုင်ငံ့ဝန်ထမ်း (တစ်နည်းအားဖြင့် ခန့်မှန်းအင်အား ၁ ဒသမ ၅ သန်းခန့်)များအား မက်မောလောက်အောင် လစာ၊ အသုံးစရိတ် ပေးရမည်ဆိုပါက ၉၈ ရာခိုင်နှုန်းရှိသော ကျန်ပြည်သူများ (တစ်နည်းအားဖြင့် ခန့်မှန်းအင်အား သန်း ၅၀ ခန့်) အခွန်ထမ်းပြည်သူများ (ထိုသန်း ၅၀သော ပြည်သူများ၏ ချွေးနဲ့စာများ)အတွက် စာဖတ်သူ မည်သို့ စဉ်းစားထားပါသနည်း။ ပြည်သူ့ဘဏ္ဍာဆိုသည်မှာ ၅၁ ဒသမ ၄ သန်းသော ပြည်သူများ၏ ငွေများမဟုတ်ပါလော။

၎င်းတို့ငွေဖြင့် ပြည်သူအများ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်၊ ငွေကြေးဖောင်းပွမှုဒဏ်၊ ငွေကြေးမတည်ငြိမ်မှုဒဏ်၊ ဆိုးကျိုးများဖြင့် ဒုက္ခပင်လယ်ဝေအောင်လုပ်ရန် သင့်/မသင့် စာဖတ်သူ စဉ်းစားပေးသင့်သည်။

တိုင်းပြည်သစ် ထူထောင်ခါစဖြစ်သည်။ ဘူးသီးနုနုအမွေးမသတ်သင့်ပါ။ တိုးတက်တည်ငြိမ်ရန် လမ်းစသာရှိသေးသည်။ ဆန္ဒစောပါက macroeconomic stability ထိခိုက်နိုင်မည်ဖြစ်ကြောင်း အားလုံးသိကြသည်။ ယနေ့ ကမ္ဘာ့စီးပွားရေးအခြေအနေကိုလည်း ခြုံ၍သုံးသပ်ကာ ripple effect ကိုလည်း သတိပြုရန်လိုသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ၂၁-၃-၁၉၃၇ မိန့်ခွန်းအချို့ကို ကောက်နုတ်တင်ပြလိုသည်။

"တည်တံ့သော ဘဏ္ဍာရေးတည်းဟူသော ခိုင်လုံသည့်အုတ်မြစ်ပေါ်တွင် မတည်ဆောက်ဘဲ မည်သည့်လွတ်လပ်ရေးမျှ မြဲနိုင်မည်မဟုတ်ပေ"

"တိုင်းပြည်၏ စီးပွားရေးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးပစ်ခြင်းပင်ဖြစ်၍ ဤသို့ နိုင်ငံ့စီးပွားရေးကြီး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံးအနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သား လူထုပင်ဖြစ်သည်။"

တစ်ဖက်မှ လစာ၊ အသုံးစရိတ်များ တွင်တွင်တောင်းဆိုနေလျှင် တိုင်းပြည်မှ ပြန်မေးလိုသည်။ သင်မည်မျှ နိုင်ငံ့တာဝန်ကျေပွန်နေပါသနည်း။ သင့်ကိုယ်သင်ဆန်းစစ်ဖို့လိုမည်။ ထို့အတူ သမ္မတ၊ ဒုတိယသမ္မတများ၊ ဝန်ကြီးများအပါအဝင် နိုင်ငံရေးတာဝန်ယူထားသူများ၊ လွှတ်တော်အသီးသီးမှ နာယက၊ ဥက္ကဋ္ဌများအပါအဝင် ပုဂ္ဂိုလ်များလည်း တာဝန်ကျေပွန်မှု ရှိ၊ မရှိဆန်းစစ်ကြဖို့လိုအပ်မည်။

ထိုသို့ဆိုက အဆိုပါပုဂ္ဂိုလ်ကြီးများအနေဖြင့် လစာ၊ အသုံးစရိတ်၊ အသုံးအဆောင် ချွေတာခြိုးခြံကြရန်နှင့် နိုင်ငံ့ဝန်ထမ်းများကိုသာ တိုးပေးသင့်ကြောင်း အကြံပြုအပ်သည်။

-ပြည်သူများ စဉ်းစားချင့်ချိန်မှု (thinking) နှင့် ခံစားမှု (feeling) ယှဉ်တွဲစဉ်းစားကြပါကုန်။

-ပြည်သူများ ဦးနှောက် (heads)နှင့် နှလုံးသား (hearts) ချိန်ဆစဉ်းစားကြပါကုန်။

# ကျိုက်ထီးရိုးဘုရားသွား နိုင်ငံခြားဧည့်သည်ကို ကူညီခဲ့သူအား ဂုဏ်ပြု

**ကျိုက်ထို ဒီဇင်ဘာ ၂၄**

မွန်ပြည်နယ် ကျိုက်ထီးရိုးဘုရားသို့လာသည့် နိုင်ငံခြားသားဧည့်သည် အမျိုးသမီးတစ်ဦးအား ဒေသခံမဟုတ်သည့် အမျိုးသားတစ်ဦးက အဓမ္မပြုကျင့်ပြီး လည်ပင်းညှစ်သတ်ရန်အားထုတ်စဉ် ကာကွယ်ပေးခဲ့သော ကင်မွန်းချောင်းကျေးရွာနေ ဦးဝင်းဦးအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်က ယင်းကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ သထုံခရိုင် ရဲတပ်ဖွဲ့မှူးနှင့်မြို့နယ်အဆင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ပီရူးနိုင်ငံသူ Miss Danianucia (၂၆)နှစ်သည် အဖော်ဖြစ်သူ အီတလီနိုင်ငံသား Mr.Paean Simonega နှင့်အတူ ကင်မွန်းစခန်းသို့ရောက်လာကြပြီး တစ်ယောက်တစ်လမ်းခွဲကာ တောင်တက်သူသွားလမ်းအတိုင်း တစ်ယောက်တည်းရှုခင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း၊ ထို့နောက် ၎င်း၏မိတ်ဆွေများ ပြောပြလမ်းညွှန်သည့် စေတီတစ်ဆူအားဓာတ်ပုံရိုက်ယူရန် ရှာဖွေစဉ် အနားသို့အမျိုးသားတစ်ဦးရောက်လာခဲ့ကြောင်း၊ ယင်းအမျိုးသားမှာ ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာနေ ကျောက်ထုလုပ်သား ဇော်မင်းလတ်(ခ)ကုလားကြီး (၂၂)နှစ်ဖြစ်ပြီး ပီရူးနိုင်ငံသူက စေတီအားပြသရန် အကူအညီတောင်းသဖြင့် ပြသပေးမည်ဆိုကာ မရမ်းတောင်အနီးလမ်းမှ နှစ်ဖာလုံခန့်အကွာ ချောက်တစ်ခုအတွင်းဖြားယောင်းခေါ်ဆောင်သွားခဲ့ကြောင်း၊ ပီရူးနိုင်ငံသူက သံသယဖြစ်လာသဖြင့် ပြန်ရန်ပြင်ချိန်တွင် ဇော်မင်းလတ်က တွန်းလှဲပြီး ဦးခေါင်းကို လက်သီးနှင့်ထိုး၊ ကျောက်ခဲနှင့်ထုကာ အဓမ္မပြုကျင့်ခဲ့ကြောင်း။

တောင်တက်လမ်းဘေးတွင် ထမင်းဆိုင်ဖွင့်လှစ်ရောင်းချသူ ကင်မွန်းချောင်းကျေးရွာ ဆယ်အိမ်မှူး ဦးဝင်းဦး(၅၃)နှစ်က နိုင်ငံခြားသူနောက်သို့ လူတစ်ဦးလိုက်သွားသည်ကို မသင်္ကာသဖြင့် ချက်ပြုတ်ရင်းစောင့်ဆိုင်းနေချိန်တွင် အမျိုးသမီးအော်သံသဲ့သဲ့ကိုကြားရာ အသက်(၁၃)နှစ်အရွယ် သားဖြစ်သူ မောင်ဇင်ကိုကိုဦး(ပဥ္စမတန်းကျောင်းသား)အား အဖော်ခေါ်ကာ အသံကြားသည့်နေရာသို့ သွားရောက်ခဲ့ကြောင်း၊ ဦးဝင်းဦးအခင်းဖြစ်နေရာရောက်ရှိချိန်တွင် ဇော်မင်းလတ်က နိုင်ငံခြားသူအား အဓမ္မပြုကျင့်ပြီးနောက် လည်ပင်းညှစ်သတ်ရန် အားထုတ်ကြောင်းမြင်တွေ့ရသဖြင့် ဖမ်းဆီးရန်ကြိုးပမ်းစဉ် ဇော်မင်းလတ်မှာ တောထဲဝင်ပြေးသွားကြောင်း၊ ဦးဝင်းဦးက သားဖြစ်သူအား နိုင်ငံခြားသူကို ခေါ်ဆောင်စေပြီး ဈေးဆိုင်တန်းမှလူများအား ခေါ်ခဲ့ရန် ပြောကာ ထွက်ပြေးသူဇော်မင်းလတ်နောက်သို့ လိုက်လံဖမ်းဆီးစဉ် အပြန်အလှန်ထိုးကြိတ်သတ်ပုတ်မှုကြောင့် ဦးခေါင်းတွင်ဒဏ်ရာရခဲ့ကြောင်း၊ ယင်းနောက် ရဲတပ်ဖွဲ့ဝင်များ၊ ဈေးသည်များနှင့်ဘုရားဖူးများရောက်လာကြပြီး ဇော်မင်းလတ်အား ဝိုင်းဝန်းဖမ်းဆီးကာ ရဲစခန်းသို့ အပ်နှံခဲ့ကြကြောင်း၊ အမှုနှင့် ပတ်သက်၍ ပီရူးနိုင်ငံသူ Miss Danianucia က တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားခဲ့ကြောင်းသိရသည်။ အဆိုပါ အမှုကို ကင်မွန်းချောင်းနယ်မြေရဲစခန်းက ကျူးလွန်သူ ဇော်မင်းလတ်အား အမှုဖွင့်အရေးယူကာ ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် မော်လမြိုင်မြို့ ပြည်နယ်ဆေးရုံကြီးသို့ နှစ်ဦးစလုံးအား ဆေးစာဖြင့်တင်ပို့ခဲ့သည်။ အမှုနှင့်ပတ်သက်၍ ဇော်မင်းလတ်က ဒီဇင်ဘာ ၂၂ ရက်တွင် ကျိုက်ထိုမြို့နယ်တရားရုံး၌ ဖြောင့်ချက်ပေးခဲ့သည်။

အမှုဖြစ်စဉ်တွင် အနိုင်အထက်ပြုကျင့်ခံရသူ နိုင်ငံခြားသူ ဧည့်သည်တစ်ဦးအား စွန့်စွန့်စားစားလိုက်လံကယ်တင်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးပေးခဲ့သူ ဆယ်အိမ်မှူး ဦးဝင်းဦးအား ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်မှုဖြင့် ဂုဏ်ပြုပွဲကျင်းပရာ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သန်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်၊ ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် အဖွဲ့အစည်းများ၏ ဂုဏ်ပြုငွေကျပ် ၈၆၀၀၀၀ နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ရဲခေါင်ဦး)



ပြည်တွင်းရေးရာ

# သတိပေးနှိုးဆော်ချက်

၂၀၁၃ ခုနှစ် မြန်မာ့ရှပ်ရှင်အကယ်ဒမီဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၄ နာရီတွင် စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း MEP ခန်းမ၌ကျင်းပမည်ဖြစ်၍ မွန်းလွဲ ၂ နာရီမှစ၍အခမ်းအနားပြီးဆုံးသည့် အချိန်အထိ အောက်ဖော်ပြပါအတိုင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ပြည်လမ်းတစ်လျှောက် မြေနီကုန်းမီးပွိုင့်မှ အလုံလမ်းမီးပွိုင့်အထိ။

(၂) ရှင်စောပုလမ်းတစ်လျှောက် ဦးဝိစာရမီးပွိုင့်မှ ဗဟိုလမ်းမီးပွိုင့်အထိ။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## အာရှဖွံ့ဖြိုးရေးဘဏ်မှ Yoma Strategic Holdings ထံသို့ ချေးငွေ ဒေါ်လာသန်း ၁၀၀ ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံအတွက် အရေးပါသော ဆက်သွယ်ချိတ်ဆက်မှု (Connectivity) နှင့် ဆက်စပ်သော အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေသော စင်ကာပူစတော့ဈေးကွက်ဝင် Yoma Strategic Holdings ထံသို့ ချေးငွေ ဒေါ်လာသန်း ၁၀၀ ချေးပေးမည့် အစီအစဉ်ကို အာရှ ဖွံ့ဖြိုးရေးဘဏ် (Asian Development Bank -ADB) က အတည်ပြုလိုက်ပြီဖြစ်ကြောင်း Yoma Strategic Holdings Ltd ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်း ဝင်ရောက်လာသော်လည်း ရင်းနှီးမြှုပ်နှံမှုအများစုကို ရေနံနှင့်ဓာတ်ငွေ့၊ သတ္တု၊ သယံဇာတကဏ္ဍနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းတို့တွင်သာတွေ့ရပြီး မဖွံ့ဖြိုးသေးသောဘဏ်လုပ်ငန်းနှင့် ငွေကြေးဈေးကွက်၊ အခြားသောနည်းလမ်းဖြင့် ရင်းနှီးမတည်ငွေရယူနိုင်ချေ မရှိမှုတို့ကြောင့် ဆက်သွယ်ချိတ်ဆက်မှုတိုးမြှင့်ရန် အမှန်တကယ်လိုအပ်နေသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ဆက်သွယ်ချိတ်ဆက်မှုနှင့် ဆက်စပ်သော အခြေခံအဆောက်အအုံကဏ္ဍတွင် လိုအပ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ရေရှည်ချေးငွေလိုအပ်ချက်ကို ADB ၏ ချေးငွေက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"စီးပွားရေးအခွင့်အလမ်းသစ်တွေပေါ်ပေါက်လာဖို့၊ကုန်ကျစရိတ်တွေလျော့ကျလာဖို့၊ကုန်သွယ်ရေးတိုးမြှင့်လာဖို့၊ ဒေသပေါင်းစုံနဲ့စီးပွားရေးကဏ္ဍမျိုးစုံမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ဖို့အတွက် ဆက်သွယ်ချိတ်ဆက်မှုနဲ့ ဆက်စပ်တဲ့အခြေခံအဆောက်အအုံကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုဟာအလွန်အရေးပါပါတယ်"ဟု ADB Private Sector Operations Department ညွှန်ကြားရေးမှူး Christopher Thieme က ပြောကြားခဲ့သည်။

ADB ၏ ချေးငွေ Gudk Yoma အနေဖြင့် ယင်း၏မိတ်ဖက်လုပ်ငန်းရှင်များနှင့်အတူ အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းခွဲများ တစ်ခုချင်းလုပ်ကိုင်ရန် အသုတ် နှစ်သုတ်ခွဲပြီး ချေးပေးသွားမည်ဟု သိရသည်။ ပထမအသုတ်ချေးငွေကို မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင်များဆောက်လုပ်ရန်၊ အအေးခန်းသိုလှောင်မှုနှင့်ဆက်စပ်သော ကုန်စည်ထောက်ပံ့ ပို့ဆောင်ရေးလုပ်ငန်း အကောင်ထည်ဖော်ရန်၊ ယာဉ်အမျိုးမျိုးငှားရမ်းခြင်းလုပ်ငန်း ခေတ်မီစေရန် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ဒုတိယအသုတ်ကို ပို့ဆောင်ရေး၊ ဖြန့်ဖြူးရေး၊ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားသောကဏ္ဍများတွင် ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံသွားမည်ဟု သိရသည်။

"မြန်မာနိုင်ငံရဲ့ အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေးအတွက် ADB က Yoma နဲ့ လက်တွဲဆောင်ရွက်ဖို့ ရွေးချယ်မှုဟာ Yoma အတွက်အခွင့်ကောင်းတစ်ရပ်ဖြစ်ပါတယ်"ဟု Yoma Strategic Holdings၏ အမှုဆောင်ဥက္ကဋ္ဌ Serge Pun က ပြောသည်။

Yoma Strategic Holdings သည် မြန်မာနိုင်ငံတွင် အိမ်ခြံမြေ၊ စိုက်ပျိုးရေး၊ ခရီးသွားဝန်ဆောင်မှု၊မော်တော်ယာဉ်လုပ်ငန်း၊လက်လီအရောင်းလုပ်ငန်း၊အစားအသောက်လုပ်ငန်းစသည့်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၀၁)**






# မြန်မာနိုင်ငံတွင်ပထမဆုံး ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းဖွင့်လှစ်




**မန္တလေး ဒီဇင်ဘာ ၂၄**

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရတို့၏ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ဆောက်လုပ်ထားသော ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘိုခြံတွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ စိုက်ပျိုးရေးကဏ္ဍသည် အလွန်အရေးပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍမှ စုစုပေါင်းထုတ်ကုန်၏ ၂၃ ဒသမ ၉ ရာခိုင်နှုန်း၊ နိုင်ငံခြားတင်ပို့ငွေ၏ ၁၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် အလုပ်သမားအင်အား ၆၁ ဒသမ ၂ ရာခိုင်နှုန်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားကြောင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းမှုအမျိုးမျိုးပြုလုပ်နေသော်လည်း ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်နေသေးကြောင်း၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်များ၏ လေလွင့်ဆုံးရှုံးမှုမှာ ၁၀ ဒသမ ၄၂ ရာခိုင်နှုန်းအထိရှိနေသည်ဟု သိရကြောင်း၊ စိုက်ခင်းမှ ဈေးကွက်ထိ တင်ပို့ရာတွင် ရိတ်သိမ်းချိန်လွန် နည်းပညာပြုပြင်ပြောင်းလဲမှုများ လိုအပ်လျက်ရှိနေကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံး တည်ဆောက်သည့် ရိတ်သိမ်းချိန်လွန် နည်းပညာ သင်တန်းကျောင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးက ယနေ့ကျောင်းဖွင့်ပြီး ကိုရီးယားနိုင်ငံ၏ ရိတ်သိမ်းချိန်လွန်နည်းပညာများ မြန်မာနိုင်ငံတွင် ဖြန့်ဝေပေးမှာဖြစ်၍ မြန်မာနိုင်ငံအတွင်း အခြားနေရာများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးနိုင်မည်ဆိုပါက မြန်မာနိုင်ငံမှ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ ကမ္ဘာ့ဈေးကွက်အထိ တက်လှမ်းနိုင်မည်ဖြစ်ပြီး အကျိုးအမြတ်များပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ကိုရီးယားသံအမတ်ကြီး၊ (KOICA)မှဌာနေကိုယ်စားလှယ်တို့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်နှင့်မြန်မာကိုရီးယားဌာနေကိုယ်စားလှယ်တို့က သင်တန်းကျောင်းတွင်းရှိ သင်ကြားရေးဆိုင်ရာအခန်းများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများအသုံးပြုပြီးလက်တွေ့ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **အေးမြ(မန္တလေး)**

❍ **ကျောဖုံးမှ**

ရတနာပုံ၊ ရန်ကုန်၊ ကမ္ဘောဇ၊ ဇေယျာရွှေမြေ၊ နေပြည်တော်နှင့် ဧရာဝတီအသင်းတို့က အိမ်ကွင်းပွဲစဉ်များ လက်ခံကစားမည်ဖြစ်ပြီး ကျန်အသင်းများမှာ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် အိမ်ကွင်းအဖြစ် ကစားရမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆု သုံးကြိမ်စီရရှိကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ရတနာပုံနှင့် ရန်ကုန်တို့မှာ ပထမအကျော့ နောက်ဆုံးပွဲမှသာ တွေ့ဆုံလျက်ရှိသည်။

**ပွဲစဉ် (၁)**

| | | |
|---|---|---|
| ၁၀-၁-၂၀၁၅ | ဇွဲကပင်-ဇေယျာရွှေမြေ | အောင်ဆန်း |
| | ဟံသာဝတီ-ချင်း | သုဝဏ္ဏ |
| ၁၁-၁-၂၀၁၅ | နေပြည်တော်-ဧရာဝတီ | ပေါင်းလောင်း |
| | ရတနာပုံ-မကွေး | ဗထူး |
| | ရန်ကုန်-ရခိုင် | YUSC |
| | မနော်မြေ-ကမ္ဘောဇ | အောင်ဆန်း |

**(ရှိုင်းထက်ဇော်)**

အခွန်ဘဏ္ဍာပြည့်ပါမှ
လုပသာယာ တို့ပြည်မြန်မာ

## ကျိုက်ထီးရိုးတောင်တက်လူသွားလမ်းတွင် အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များအသိပေးချိတ်ဆွဲ

**ကျိုက်ထို ဒီဇင်ဘာ ၂၄**

ကျိုက်ထိုမြို့ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားတောင်တက်လူသွားလမ်း၌ နိုင်ငံခြားသားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများ သဘာဝရှုခင်းအလှများကို ကြည့်ရှုလေ့လာရန်နှင့် မှတ်တမ်းဓာတ်ပုံများရိုက်ယူရန် အတက်အဆင်းများပြားလျက်ရှိရာ လိုအပ်ပါက အရေးပေါ်ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်များကို တောင်တက်လမ်းဘေးနေရာအချို့တွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ချိတ်ဆွဲထားကြောင်း သိရသည်။

သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်သန်း၏ ဦးဆောင်မှုဖြင့် တာဝန်ရှိသူများက ယင်းဖုန်းနံပါတ်များကို မှုခင်းကြိုတင်ကာကွယ်တားဆီးရေးနှင့် အခြားအရေးပေါ်အခြေအနေများတွင် ဆက်သွယ်ရန်ချိတ်ဆွဲထားခြင်းဖြစ်ပြီး ဖုန်းနံပါတ်များမှာ ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကင်မွန်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျိုက်ထီးရိုး တောင်တက်မော်တော်ယာဉ်အသင်းရုံး၊ ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး၊ ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ကျိုက်ထိုမြို့မရဲစခန်းနှင့် ကင်မွန်းချောင်းနယ်မြေရဲစခန်း ဖုန်းနံပါတ်များဖြစ်သည်။ ယင်းဖုန်းနံပါတ်များ ချိတ်ဆွဲသည့်အပြင် တောင်တက်လမ်းတစ်လျှောက်ရှိ စခန်းများ၌ လမ်းလျှောက်စကားပြောစက်များ ထားရှိကာ အရေးပေါ်ကိစ္စများ ဆက်သွယ်ရန်အတွက် စီစဉ်ထားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

**(ရဲခေါင်ဦး)**

## ပြည်တွင်းရေးရာ



၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများကို တွေ့ရစဉ်။(အပေါ်ပုံနှင့် အောက်ပုံများ) (သန်းဦး-လေးမျက်နှာ)



☆ ဒုတိယသမ္မတမှ

သစ္စာအဓိဋ္ဌာန်ပြုခြင်း၊ နိုင်ငံတော်သမ္မတအား စစ်ကြောင်းပုံဖြင့်ချီတက်အလေးပြုခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံကင်းထောက်လူငယ်၊ မြန်မာနိုင်ငံကြက်ခြေနီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားပြုစစ်ရေးပြတပ်ဖွဲ့များ ပါဝင်ချီတက်အလေးပြုခဲ့ကြပြီး စုစုပေါင်းအင်အား ၇၁၂၈ ဦးရှိကြောင်း သိရသည်။

ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ မဆုတ်မနစ် ကြိုးပမ်းမှုများကြောင့် ရရှိခဲ့သည့် လွတ်လပ်ရေးကြီး တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးစေရန်သည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ ဆောင်ရွက်ရန် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ်ထိုနေ့တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများကို ဆင်ယင်ကျင်းပခြင်းဖြစ်သည်။

၁၉၄၈ ခုနှစ်မှစ၍ လွတ်လပ်ရေးအောင်ပွဲနှင့် ဗိုလ်ရှုသဘင်အခမ်းအနားများကို ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပခဲ့ရာ ယင်းအချိန်က နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သမ္မတစဝ်ရွှေသိုက်နှင့် သမ္မတဒေါက်တာဘဦးတို့ တက်ရောက်ခဲ့ကြောင်းနှင့် ၁၉၅၄ ခုနှစ်မှစ၍ ၁၉၆၂ ခုနှစ်အထိ လွတ်လပ်ရေးအောင်ပွဲနှင့် ဗိုလ်ရှုသဘင်အခမ်းအနားများကို ရန်ကုန်မြို့ ပြည်လမ်းရှိ ဗိုလ်ရှုခံစင်မြင့်၌ ကျင်းပခဲ့ရာ ယင်းအချိန်က သမ္မတတာဝန် ထမ်းဆောင်ခဲ့သည့် သမ္မတ ဒေါက်တာဘဦးနှင့် သမ္မတမန်းဝင်းမောင်တို့ တက်ရောက်ခဲ့ကြသည်။

လွတ်လပ်ရေးနေ့ အခါသမယတွင် ဗိုလ်ရှုသဘင်အခမ်းအနားများ ကျင်းပ၍ နိုင်ငံတော်သမ္မတအား ချီတက်အလေးပြု၍ ဂုဏ်ပြုရခြင်းသည် မြန်မာနိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော တန်ဖိုးကြီးမားသည့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရယူပေးခဲ့ကြသည့် တိုင်းရင်းသား ပြည်သူအပေါင်းတို့နှင့်တကွ အသက် သွေး ချွေးပေးဆပ်ခဲ့ကြသော တပ်မတော်သားများအား ဂုဏ်ပြုမြှင့်တင်သောအားဖြင့် တပ်မတော်သားနှင့် ပြည်သူတစ်ရပ်လုံးပါဝင်ချီတက်အလေးပြုကြကာ မြန်မာနိုင်ငံ၏ အကြီးကျယ် အခမ်းနားဆုံး အောင်ပွဲကြီးအဖြစ် ဖော်ထုတ်ပြသနိုင်ခဲ့သည်။

ထိုသို့ နှစ်ပေါင်း (၅၀)ကြာ တိမ်မြုပ်နေသော မြန်မာနိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ခုကို ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြန်လည်ဖော်ထုတ်ပြသနိုင်တော့မည်ဖြစ်၍ မျက်မှောက်ခေတ် ပြည်သူများအနေဖြင့် ဝမ်းပန်းတသာ မြင်တွေ့ကြရတော့မည်ဖြစ်သည်။

**(သတင်းစဉ်)**






နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် မိသားစုတို့အား ခရစ်တော်မွေးနေ့အကြိုအဖြစ် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က ဓမ္မတေးသီချင်းများသီဆို၍ မေတ္တာပို့ဆုတောင်းကောင်းချီးပေးကြစဉ်။ *(သတင်း-ရွှေဖုံး)* (သတင်းစဉ်)

# White Card ကိုင်ဆောင်ထားသူများသည် မြန်မာနိုင်ငံအတွင်း ရောက်ရှိနေထိုင်သူများသာဖြစ်ပြီး နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းမဟုတ်

သတင်းမီဒီယာများတွင် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ရာတွင် အဖြူရောင်ကတ်ပြားကိုင်ဆောင်ထားသူများကို မဲဆန္ဒပေးခွင့်ပြုရန် လွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့သည့်အပေါ် အမြင်အမျိုးမျိုးနှင့် သုံးသပ်ရေးသားနေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ သဝဏ်လွှာပို့ရခြင်းနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ပေးရသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တွေ့ဆုံမေးမြန်း၍ သိရှိခဲ့ရသည်များကို ပြည်သူများသိရှိစေရန် ပြန်လည်မျှဝေလိုက်ရပါသည်။

**မေး။ ။ White Card လို့ခေါ်တဲ့ ယာယီသက်သေခံလက်မှတ်ရဲ့ သဘောသဘာဝကို သိပါရစေ။**

ဖြေ။ ။ ဒီမေးခွန်းတွေကို တည်ဆဲဥပဒေများအပေါ်အခြေခံပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ယာယီသက်သေခံလက်မှတ်ဆိုတာ ဘာကိုခေါ်တယ်ဆိုတာ အရင်ဆုံး ရှင်းပြလိုပါတယ်။

၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေအပိုဒ်-၂(င)မှာ ယာယီသက်သေခံလက်မှတ်ဆိုတာ သက်သေခံကတ်ပြားအစား ထုတ်ပေးထားတဲ့ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ဆိုလိုခြင်းဖြစ်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဖြူရောင်ကတ်ပြားတွေဖြစ်လို့ White Card ဆိုပြီး အလွယ်ခေါ်ဝေါ်သုံးနှုန်းနေကြတာဖြစ်ပါတယ်။ တရားဝင်အခေါ်အဝေါ်ကတော့ ယာယီသက်သေခံလက်မှတ်(Temporary Identity Certificate) လို့ ခေါ်ပါတယ်။ အဲဒီကတ်ကို နည်းဥပဒေ အပိုဒ်-၁၃(၁)(ဂ)အရ ဥပဒေနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်ပါတယ်။

အဓိပ္ပာယ်ဖွင့်ဆိုချက်အနေနဲ့ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတွေဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနယ်မြေအတွင်း ရောက်ရှိနေထိုင်သူတွေဖြစ်ကြောင်း သက်သေခံတဲ့ ကတ်ပြားပဲဖြစ်ပါတယ်။ နိုင်ငံသားအဖြစ် အသိအမှတ်ပြုတာမဟုတ်သေးပါဘူး။ ဒ့ါအပြင် လူတစ်ဦး တစ်ယောက်ဟာ နိုင်ငံတစ်နိုင်ငံရဲ့ နယ်မြေအတွင်း နေထိုင်ခွင့်ရှိတယ်ဆိုတဲ့ State Less Convention ပါ ပြဋ္ဌာန်းချက်ကို အလေးထားလိုက်နာတဲ့ သဘောလို့လည်း ဆိုနိုင်ပါတယ်။

သက်သေခံကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားတာမရှိသေးတဲ့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့အညီ နိုင်ငံသားစိစစ်ဖို့ ကျန်ရှိနေသေးတဲ့သူတွေကို မြန်မာနိုင်ငံအတွင်း နေထိုင်သူများ ဥပဒေနှင့်အညီ ယာယီသက်သေခံလက်မှတ် ထုတ်ပေးထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေအနက် အသက် (၁၈)နှစ်ပြည့်ပြီး ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူဦးရေဟာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်အထိ စာရင်းအရ စုစုပေါင်း ၅၉၀၀၁၆ ဦး ရှိပါတယ်။ ဒီထဲမှာ ဘင်္ဂါလီ၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါလ်၊ မုန်းဝန်း၊ ခိုလုံလီရှော၊ တရုတ်၊ စိစစ်ဆဲဖြစ်သော ကိုးကန့်တိုင်းရင်းသားနဲ့ 'ဝ'တိုင်းရင်းသားတွေလည်း ပါဝင်ပါတယ်။

ယာယီသက်သေခံလက်မှတ် ထုတ်ပေးထားသူအများစုမှာ ရခိုင်ပြည်နယ်မှ ဘင်္ဂါလီလူမျိုးတွေဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ နယ်စပ်ဒေသတွေမှာ နေထိုင်ပြီး ဟိုဘက်ဒီဘက် ဆွေမျိုးတော်စပ်ကြသူတွေ၊ ရုပ်ရည်သွင်ပြင်လက္ခဏာ၊ ဘာသာ၊ စကား တူညီနေတဲ့အတွက် ခွဲခြားစိစစ်ဖို့ခက်ခဲပြီး ခိုင်လုံတဲ့အထောက်အထားပြသဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားအဖွဲ့အစည်းဝင်တွေနဲ့ မိသားစုတွေပါ ပါဝင်နေကြပါတယ်။ ဒါက ပထမ ယာယီသက်သေခံလက်မှတ်အကြောင်း အကြမ်းဖျင်းပြောတာ ဖြစ်ပါတယ်။

အခု ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူတွေနဲ့ပတ်သက်ပြီး ပြောပြရရင် ကနဦးအဆင့်အနေနဲ့ (၂၆-၂-၂၀၀၈) ရက်စွဲနဲ့ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၁/၂၀၀၈)နဲ့ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေပုဒ်မ ၁၁(က)မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပတဲ့ နေ့ရက်မှာ အသက် (၁၈)နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနဲ့ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူတိုင်းဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ မဲပေးပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူတွေဟာ ဆန္ဒမဲပေးခွင့်ရရှိခဲ့ကြပြီး ဖြစ်ပါတယ်။

အဲဒီနောက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာတဲ့အခါ ဥပဒေရဲ့ ပုဒ်မ-၃၉၁(က)မှာ ရွေးကောက်ပွဲကျင်းပတဲ့နေ့ရက်မှာ အသက် (၁၈)နှစ်ပြည့်ပြီး ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်တဲ့အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားရဲ့ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေလို့ဆိုရာမှာ နိုင်ငံသားတစ်မျိုးတည်းသာမကဘဲ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးခွင့်ရှိကြောင်းကိုပါ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဒါကြောင့် ဆန္ဒမဲပေးခွင့်ရှိသူ နှစ်မျိုးရှိနေတယ်ဆိုတာ ဂရုပြုရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတိုင်းရဲ့ ပုဒ်မ (၆)အရ ရွေးကောက်ပွဲစတင်ကျင်းပတဲ့နေ့မှာ အသက်(၁၈)နှစ်ပြည့်ပြီး ဒီဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ မဆန့်ကျင်တဲ့နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ၊ သက်ဆိုင်ရာမဲဆန္ဒနယ်မဲစာရင်းမှာပါဝင်သူဟာ မဲပေးခွင့်ရှိကြောင်း ဖော်ပြထားပြီးဖြစ်ပါတယ်။

ပြီးတော့ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာလည်း ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူတွေကိုလည်း မဲပေးခွင့်ပေးထားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲလွှတ်တော်အသီးသီးရဲ့ ရွေးကောက်ပွဲဥပဒေတွေအရ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတွေဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေဖြစ်တယ်လို့ သတ်မှတ်ထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူ နိုင်ငံခြားသားတွေကို မဲပေးခွင့်ပြုဖို့ စဉ်းစားနေတယ်ဆိုပြီး လွဲမှားစွာသုံးသပ်မိမှာစိုးပါတယ်။ ဆိုလိုရင်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေမှာ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူတွေကို မဲပေးခွင့်မပြုဘဲ ချန်လှပ်ထားခဲ့မယ်ဆိုရင် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတွေထဲမှာ လူမျိုးခြားတစ်မျိုးတည်းကိုသာ ရည်ရွယ်ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံသားအဖြစ် စိစစ်နေဆဲ မိမိတိုင်းရင်းသားအချို့လည်း ရောနှောပါရှိနေနိုင်တာဖြစ်လို့ မိမိတိုင်းရင်းသားတွေ နစ်နာမှုမရှိစေဖို့ကို ဦးတည်ရည်ရွယ်ပြီး ယခင်ဆောင်ရွက်ပေးခဲ့တဲ့ သမိုင်းကြောင်းနဲ့ တည်ဆဲဥပဒေတွေကို ကိုးကားပြီး စဉ်းစားသုံးသပ်နိုင်ဖို့အတွက်သာ နိုင်ငံတော်ဘက်က အကြံပြု/အသိပေး သဘောထားမှတ်ချက်ပြုခြင်းမျိုးသာ ဖြစ်ပါတယ်။ အဆုံးအဖြတ်ပေးခြင်းမျိုးလည်း မဟုတ်တာကို ဂရုပြုစေလိုပါတယ်။

**မေး။ ။ နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးတဲ့သူတွေ တော်တော်များများ ရှိနေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မိုးပွင့်စီမံချက်ဆိုပြီး နိုင်ငံတစ်ဝန်းမှာ ကွင်းဆင်းလုပ်နေတာတွေ တွေ့ရပါတယ်။ ကျန်နေသူတွေအတွက် ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်မယ့်အစီအမံတွေ ရှိ၊ မရှိ သိလိုပါတယ်။**



**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ။**

ဖြေ။ ။ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို မိုးပွင့်စီမံချက်အနေနဲ့ တစ်နိုင်ငံလုံးကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တာဟာ နိုင်ငံသားစိစစ်ရေးကတ်သာ မဟုတ်ပါဘူး။ အိမ်ထောင်စုဝင်စာရင်းကိုရောဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အိမ်ထောင်စုဝင်စာရင်းရော နိုင်ငံသားစိစစ်ရေးကတ်အဟောင်းအသစ် လဲလှယ်တာကိုပါ ကွင်းဆင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုးပွင့်စီမံချက်တွေလုပ်ဆောင်တာကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်ကနေစပြီး လုပ်ဆောင်တာ အခုဆို အဆင့်(၇)ကို ရောက်ရှိနေပါပြီ။ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၄၀၆၂၇၇၃ ကတ်ထုတ်ပေးပြီးဖြစ်ပါတယ်။ အိမ်ထောင်စုဝင်စာရင်းလည်း ၆၄၂၅၅၃ ခု ထုတ်ပေးပြီးဖြစ်ပါတယ်။ မိုးပွင့်စီမံချက်တွေအတွက် တာဝန်ရှိဝန်ထမ်းတွေ၊ ကျေးရွာတွေက တာဝန်ရှိသူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်တွင်း ပြည်ပအလှူရှင်တွေ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ မိုးပွင့်စီမံချက်ဆောင်ရွက်ရာမှာ တွေ့ကြုံလာတဲ့ အခက်အခဲတွေကိုလည်း ပြည်သူတွေထံ အသိပေးအကြောင်းကြားခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြလျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်က နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အတိုင်း ပြည်သူ့ဆန္ဒကို ဆောင်ရွက်ပေးတဲ့ကဏ္ဍဖြစ်ပါတယ်။ မိုးပွင့်စီမံချက်ဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးဖြစ်တဲ့ တတိယအဆင့် (Third Wave) ဖော်ဆောင်ပေးနေခြင်း ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတစ်ဝန်းမှာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလကနေပြီး ဇွန်လအထိ မိုးပွင့်အထူးစီမံချက်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ **ဟန်နီဝင်း(သတင်းစဉ်)**

# ဘိန်းစိုက်ပျိုးမှုကို ၂၀၁၄ ခုနှစ်တွင် စတင်ထိန်းချုပ်နိုင်ပြီး ဟက်တာ ၂၀၀ လျှော့ချနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ၂၀၀၆ ခုနှစ်မှစတင်ပြီး ခုနှစ်နှစ်ဆက်တိုက် မြင့်တက်လာခဲ့သည့် ဘိန်းစိုက်ပျိုးမှုကို အစိုးရသက်တမ်းကာလ ၂၀၁၄ ခုနှစ်တွင် စတင်ထိန်းချုပ်နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဘိန်းစိုက်ဧရိယာ ၅၇၈၀၀ ဟက်တာရှိခဲ့ရာမှ ယခုနှစ်တွင် ၅၇၆၀၀ ဟက်တာထိ ဟက်တာ ၂၀၀ လျှော့ချနိုင်ခဲ့သကဲ့သို့ ထုတ်လုပ်မှုအနေဖြင့် ယခင်နှစ်တွင် တန် ၈၇၀ ထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန် ၆၇၀ သို့ လျော့ကျခဲ့ပြီး ၂၃ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့သဖြင့် နိုင်ငံအတွက် အပေါင်းလက္ခဏာတစ်ခုဖြစ်ကြောင်း၊ ကျဆင်းမှုပမာဏနည်းသော်လည်း စိုက်ပျိုးမှုကျဆင်းသည့်ဘက်သို့ ဦးတည်နေသည့်အတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (၂/၂၀၁၄) အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် UNODC နှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်၊ ဟိုပုံး၊ ပင်လုံမြို့နယ်ရှိ စီမံကိန်းသုံးခုကို ဆောင်ရွက်လျက်ရှိပြီး မကြာမီကာလက လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၄-၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ Country Programme အရလည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် အစီအစဉ်များ ရေးဆွဲလျက်ရှိပါကြောင်း၊ တာချီလိတ်၊ မိုင်းဆတ်ဒေသတွင် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုကို ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စီမံကိန်းဧရိယာများ တိုးချဲ့ဆောင်ရွက်ရေးကို နှစ်နိုင်ငံသဘောတူညီချက်ရရှိထားပြီးဖြစ်ပါကြောင်း၊ တာမိုးညဲ၊ ကောင်းခါးဒေသတွင် စီမံကိန်းများစတင်ရန် တရုတ်နိုင်ငံနှင့်လည်း ညှိနှိုင်းမှုများပြုလုပ်နေပြီ ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်လျက်ရှိရာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်သွားကြရန် လိုကြောင်း ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မူးယစ်ဗဟိုအဖွဲ့အောက်ရှိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက သုံးသပ်ရှင်းလင်းတင်ပြသည်။

မူးယစ်ဗဟိုတွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်းက မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၁၄)နှင့် အထူးအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လူသားအားလုံးကို အန္တရာယ်ပြု ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးကို ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ပြီး အားလုံး၏ပူးပေါင်းအားနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ကြေးမုံ)**

## ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်

**မော်လမြိုင် ဒီဇင်ဘာ ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော မော်လမြိုင်မြို့နယ် မူရောင်းကျေးရွာအုပ်စု ပွတ္တလူးကုန်းကျေးရွာတွင် စက်ရေတွင်း တူးဖော်ပြီးစီးမှုအား မြို့နယ်ဦးစီးမှူး ဦးချစ်ငွေနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ရေတွင်းနှင့်ရေစက်ရုံများ ရေရှည်ကြံ့ခိုင်ရေးဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားသည်။

ဆက်လက်ပြီး ကြက်သွန်ကုန်းကျေးရွာ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုပြီး တင်ဒါရယူဆောင်ရွက်နေသော မြန်မာ့ရှုခင်းကုမ္ပဏီအား ဒေသအကျိုးစေတနာရှေ့ထား ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။ **(ကျေးလက်ဦးစီး)**

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် ရွာသား ၁၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ရွာသားတစ်ဦး သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ခြံစည်းရိုးကာရံရေး လုပ်ငန်းဆောင်ရွက်ရန် လုံခြုံရေးတပ်ဖွဲ့သည် အဖွဲ့သုံးဖွဲ့ခွဲ၍ လုပ်ငန်းခွင်နေရာသို့ ထွက်ခွာခဲ့ရာ အဖွဲ့တစ်ဖွဲ့သည် အင်ကြင်းတောင်သို့ ရောက်ရှိစဉ် ရွာသူရွာသား ၁၀၀ ခန့်က တားဆီးခဲ့ပြီး ၃၀ ခန့်က ဒိုဇာယာဉ်ရှေ့၌ ဝမ်းလျားမှောက်လျက် တားဆီးခဲ့သဖြင့် တာဝန်ရှိသူများက ဖြေလျှော့ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ရသည်။

အခြားအဖွဲ့တစ်ဖွဲ့သည် လုပ်ငန်းခွင်ဆောင်ရွက်မည့်နေရာသို့ နံနက် ၁၀ နာရီခန့်တွင် ဘက်ဟိုးယာဉ်နှင့် ဒိုဇာယာဉ်တို့နှင့်အတူ သွားရောက်စဉ် လိပ်ခွံတောင်အနီး၌ ရွာသူ ရွာသား ၁၅ ဦးခန့်က လေးခွများဖြင့် အနီးကပ်ပစ်ခတ်တားဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့မှ မပြုလုပ်ရန် သတိပေးခဲ့သော်လည်း ရွာသူ ရွာသားများက တုတ်၊ ဓားများဖြင့် အကြမ်းဖက်မှုများ ထပ်မံလုပ်ဆောင်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့က ၁၂ ဗို့ ပြောင်းချောသေနတ်ဖြင့် သတိပေးပစ်ခတ်၍ လူစုခွဲခဲ့ရသည်။

အလားတူ ကျန်အဖွဲ့တစ်ဖွဲ့က ခြံစည်းရိုးကာရံမှုပြုနေသည့် လုပ်ငန်းခွင်နေရာသို့ နံနက် ၁၀ နာရီခွဲခန့်တွင် တုံရွာမှ ရွာသူ ရွာသား ၄၀ ခန့်ရောက်ရှိလာပြီး ဟန့်တားမှုပြုလုပ်ခဲ့ရာ ဖြေလျှော့ရေးအဖွဲ့များ ရောက်ရှိဆွေးနွေးဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့သော်လည်း ရွာသူ ရွာသားများက လက်မခံဘဲ အော်ဟစ်ဆဲဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

နံနက် ၁၁ နာရီခန့်တွင် အင်ကြင်းတောင်အနီး လုံခြုံရေးဆောင်ရွက်နေသော အဖွဲ့နေရာတွင် ဟန့်တားနေသော ရွာသူ ရွာသား ၁၀၀ ခန့်အား ဆားလင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးဖြေလျှော့ရေးအဖွဲ့က ဖြေလျှော့ပြောဆိုနေစဉ် အဆိုပါလူအုပ်စုက ခြံစည်းရိုးကာရံမှု လုပ်ငန်းခွင်သုံး အချက်ပြအလံတိုင်ငယ်များအား လုပ်သားများထံမှ အတင်းဝင်လုပြီး မီးရှို့ဖျက်ဆီးကာ လုပ်သား ၁၀ ဦးကို ပိတ်ဆို့ဖမ်းဆီးခဲ့ကြသည်။

အဆိုပါအလုပ်သမားများအား ပြန်လွှတ်ပေးရေးအတွက် လုံခြုံရေးအဖွဲ့က ညှိနှိုင်းတောင်းဆိုခဲ့သော်လည်း လွှတ်မပေးဘဲ အန္တရာယ်ပြုမည့်အခြေအနေများ ဖြစ်ပေါ်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့က ပြန်လည်ရယူခဲ့ရာ ရွာသူ ရွာသားများက တုတ်၊ ဓားများကိုင်၍ ထွေးလုံးရိုက်ပုတ်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် အဓိကရုဏ်း နှိမ်နင်းရေးသေနတ်များဖြင့် သတိပေးပစ်ခတ်၍ လူစုခွဲပြီး လုပ်သား ၁၀ ဦးအား ရွာသူ ရွာသားများထံမှ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

မွန်းတည့် ၁၂ နာရီခန့်တွင် လိပ်ခွံတောင်အနီး အဖွဲ့တစ်ဖွဲ့နှင့်အတူ လုပ်ငန်းဆောင်ရွက်နေသည့် ယာဉ်ယန္တရားများအား မိုးကြိုးပြင်(အလယ်)ကျေးရွာနေ ရွာသူ ရွာသား ၂၀ ခန့်က လိပ်ခွံတောင်စောင်းပေါ်မှ လေးခွများဖြင့် ပစ်ခတ်ဟန့်တားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့က ထိုသို့မပြုလုပ်ရန် ပြောဆိုခဲ့သော်လည်း ရွာသူ ရွာသားများက ဆက်လက်ပစ်ခတ်မှုကြောင့် သံဆူးကြိုးလိပ်များ တင်ဆောင်လာသည့် ခြောက်ဘီးယာဉ်၏ ရှေ့ခန်းဝဲဘက်ခြမ်းတံခါးမှန် ထိမှန်ပျက်စီးခဲ့သဖြင့် လုံခြုံရေးအဖွဲ့က အဓိကရုဏ်းနှိမ်နင်းရေးသေနတ်ဖြင့် သတိပေးပစ်ခတ် လူစုခွဲခဲ့ရသည်။ မွန်းလွဲ ၁ နာရီခွဲတွင် လိပ်ခွံတောင် ရဲကင်းအနောက်ဘက် ကိုက် ၁၀၀၀ ခန့်အကွာတွင် လုံခြုံရေးအဖွဲ့တစ်ဖွဲ့သည် မိုးကြိုးပြင်ရွာမှ ဓားများ၊ လေးခွများကိုင်ဆောင်ထားသော အင်အား ၁၀၀ ခန့်နှင့် တွေ့ဆုံခဲ့ရာ ရွာသူ ရွာသားများက ဝိုင်းဝန်းပိတ်ဆို့ကာ အကြမ်းဖက်တိုက်ခိုက်အန္တရာယ်ပြုလာသဖြင့် အကြမ်းဖက်ခြင်းမပြုရန် သတိပေးပြောကြားခဲ့သော်လည်း လက်မခံဘဲ ဝိုင်းဝန်းပိတ်ဆို့ကာ ဓားများကိုင်ဆောင်ပြီး ထွေးလုံး၍ အနီးကပ်လေးခွများ၊ ခဲများဖြင့် ပစ်ခတ်အန္တရာယ်ပြုခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦး ဒဏ်ရာများရရှိခဲ့ပြီး ယာမျက်စိပေါက်ထွက်ဒဏ်ရာရှိခဲ့သည့် ရဲတပ်ကြပ်ကြီး ချစ်မင်းကိုအား မုံရွာမြို့ပြည်သူ့ဆေးရုံတွင် လည်းကောင်း၊ ကျန်တပ်ဖွဲ့ဝင်များအား မိုင်းဆေးရုံတွင် လည်းကောင်း တင်ပို့ကုသခဲ့ရသည်။

ဖြစ်စဉ်များတွင် ရွာသူ ရွာသားများ၏ အကြမ်းဖက်ထွေးလုံးတိုက်ခိုက်မှုများကြောင့် အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်များဖြင့် သတိပေးပစ်ခတ်ခဲ့ရာ ရွာသူ ရွာသား (ကျား ခြောက်ဦး၊ မ သုံးဦး)ပေါင်း ကိုးဦးတို့တွင် ဖူးရောင်ပွန်းပဲ့ပေါက်ပြဲနာကျင်ဒဏ်ရာများနှင့် ဒေါ်ခင်ဝင်း(၅၃)နှစ် (ဘ)ဦးတင်မောင် ဗမာ/ဗုဒ္ဓ တောင်သူ မိုးကြိုးပြင်(လယ်) ကျေးရွာနေသူတွင် ဦးခေါင်းထိမှန်၍ သေဆုံးခဲ့ပြီး ဒဏ်ရာရှိသူများအား မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသလျက်ရှိသည်။

ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီခွဲခန့်တွင် ကြေးနီစီမံကိန်းခြံစည်းရိုးတိုးချဲ့ကာရံခြင်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များလုပ်ငန်းခွင်နေရာသို့ ထွက်ခွာခဲ့ရာ ဆည်တဲရွာမြောက်ဘက်သို့ ရောက်ရှိစဉ် ဆည်တဲရွာဘက်ရှိ ရွာသူ ရွာသား ၅၀ ကျော်ခန့်သည် လုပ်ငန်းခွင်ဆောင်ရွက်နေသူများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်တို့အား တုတ်၊ ဓားများကိုင်ဆောင်၍ လေးခွများ၊ ခဲများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်းတို့ ပြုလုပ်ခဲ့ရာ မပြုလုပ်ရန် သတိပေးမှုများ ပြုလုပ်ခဲ့ရသည်။ သို့ရာတွင် လိုက်နာခြင်းမရှိသည့်အပြင် ဆက်လက်၍ အဝတ်စထည့်သွင်းထားသည့် ဓာတ်ဆီပုလင်းများဖြင့် မီးရှို့ပစ်ခတ်၍ အကြမ်းဖက်တိုက်ခိုက်လာမှုကြောင့် တပ်ဖွဲ့ဝင် ခုနစ်ဦး၏ ဖိုက်ဘာဦးထုပ်များ၊ ဖိုက်ဘာဒိုင်းကာများ ထိမှန်ကွဲကြေပျက်စီးပြီး ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့က အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရကြောင်း၊ ယင်းကဲ့သို့ပစ်ခတ်မှုကြောင့် ရွာသားနှစ်ဦး(မစိုးရိမ်ရ) ထပ်မံထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာအတွင်း ခြံစည်းရိုးကာရံမှုဆောင်ရွက်နေစဉ် ရွာသူ ရွာသားများက တုတ်၊ ဓားများကိုင်ဆောင်ပြီး ထွေးလုံးရိုက်ပုတ်မှုများပြုမူခြင်း၊ အနီးကပ်တိုက်ခိုက်ခြင်းနှင့် လေးခွ၊ ခဲများဖြင့် ပစ်ပေါက်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ် ၁၀ ကြိမ်တွင် ရဲတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် ရွာသား ၁၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ရွာသားတစ်ဦး သေဆုံးခဲ့သည်။ အဆိုပါသေဆုံးသူ မိုးကြိုးပြင်(အလယ်ရွာ)မှ ဒေါ်ခင်ဝင်းအလောင်းအား သေဆုံးခဲ့သည့် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်မှစတင်၍ တာဝန်ရှိသူများက ဆေးရုံသို့ပို့ပေးရန်၊ သေမှုသေခင်းအမှုဖွင့်လှစ်ရန်နှင့် သက်ဆိုင်ရာဆရာဝန်များနှင့် သေဆုံးရသည့်အကြောင်းအရင်းအား ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် အကြိမ်ကြိမ်စည်းရုံးပြောဆိုခဲ့သော်လည်း ရွာသားများက ခွင့်မပြုခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၃ ရက် ညပိုင်းမှသာ အဆိုပါအလောင်းအား နာရေးကူညီမှု မော်တော်ယာဉ်ဖြင့် သယ်ယူခဲ့ရာ ဆားလင်းကြီးပြည်သူ့ဆေးရုံသို့ ည ၉ နာရီခန့်တွင် ရောက်ရှိခဲ့၍ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခန့်တွင် မုံရွာခရိုင်ဆေးရုံကြီးက ဆရာဝန်ကြီးများနှင့်အဖွဲ့မှ ရင်ခွဲစစ်ဆေးချက်များရယူပြီး ဥပဒေနှင့်အညီ သေမှုသေခင်း အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**





# တန့်ယန်းမြို့၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက်က တန့်ယန်းမြို့ ရပ်ကွက်(၂)အထွက် ထင်းရှူးတောဖြတ်လမ်း၌ နမ့်လန်ရွာဘက်မှ တန့်ယန်းဘက်သို့ စိုင်းထွန်းနော်(ခ)ဆန်နော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ခေါက်ဆွဲချပ်ဖာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် စုစုပေါင်း ဘိန်းဖြူ ၂၆၄ ဂရမ်တို့အား သိမ်းဆည်းရမိခဲ့သည်။



စိုင်းထွန်းနော်(ခ)ဆန်နော်နှင့်စိုင်းခမ်းလှတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်အရ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ တန့်ယန်းမြို့နယ် မိုင်းကောင်ကျေးရွာနေ စိုင်းခမ်းလှအား တန့်ယန်းမြို့နယ် ခိုယောင်းကျေးရွာအနီး တန့်ယန်း-လားရှိုးသွားကားလမ်းမတွင် ဖမ်းဆီးရမိသဖြင့် စိုင်းထွန်းနော်(ခ)ဆန်နော်(၃၅)နှစ်နှင့် စိုင်းခမ်းလှ (၃၀)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ညဥ့်အချိန် ကမ်းပါးနိမ့်ဆင်းမှုဖြစ်ပွား



**ဖလွန် ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖလွန်မြို့ ကမ်းနားရပ်ကွက်တစ်နေရာတွင် ဒီဇင်ဘာ ၂၃ ရက် ညဥ့်သန်းခေါင်ယံအချိန်ခန့်က အလျား ပေ ၈၀၊ အနံ ၁၀ ပေ ခန့်ရှိ ကမ်းပါးနိမ့်ဆင်းသွားခဲ့သည်။ အိပ်မောကျချိန်ဖြစ်သော်လည်း လူသူထိခိုက်မှုမရှိဘဲ ကျောင်းသားခုနစ်ဦးနေထိုင်သော အိမ်လေးလုံးအား ရပ်ကွက်သူ ရပ်ကွက်သားများက ဝိုင်းဝန်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်က ကမ်းဆယ်ပေးခဲ့ခြင်းကြောင့် ရေကြောင်းအနည်းငယ်ပြောင်းလဲသော်လည်း ယခင်နှစ်က တိုက်စားခဲ့သော သဲကလိုင်ကြောင့် ကမ်းပါးနိမ့်ဆင်းခဲ့ရသည်ဟု ရေလုပ်သားတစ်ဦးက ပြောကြားသည်။

ထို့ကြောင့် ဒေသခံများက သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော မြဲ၊ မြန်၊ ကောင်းဆိုသည့် ကျိုးပင်အထက်ကမ်းပါးပြိုခဲ့စဉ်ကာလကကဲ့သို့ နုန်းဖမ်းဖြည့်တင်းလုပ်ဆောင်စေခြင်းနှင့် ရေကြောင်းအမှန် ဖြစ်ပေါ်စေရန် ပေါက်လုနီးပါးမြစ်ဟောင်းပေါက်အား ဆက်လက်ဆောင်ရွက်ရန် လိုလားနေကြသည်။

**(ဖလွန်အေးခိုင်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာများမှ ခိုးယူထားသော ဆိုင်ကယ် ၁၂ စီးအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်ခိုးမှုများ ဖြစ်ပွားလျက်ရှိရာ နေပြည်တော်ရဲတပ်ဖွဲ့နှင့် ရမည်းသင်းမြို့မရဲစခန်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆိုင်ကယ်ခိုးသူများကို ဆိုင်ကယ် ၁၂ စီးနှင့်အတူ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၆ ရက်က ရမည်းသင်းမြို့မရဲစခန်းက (ပ)၃၃၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အမှုမှ ဉာဏ်လင်းအောင်(ခ)ချစ်ကို(၂၀)နှစ်နှင့်ကျော်ထင်(ခ)ကျော်ခင်(၃၀)နှစ် ထနောင်းကုန်းကျေးရွာ ရမည်းသင်းမြို့နယ်နေသူ နှစ်ဦးတို့အား ရမည်းသင်း မြို့မရဲစခန်းမှူးနှင့် အဖွဲ့က ဇမ္ဗူသီရိမြို့နယ် အမှတ် (၅) နယ်မြေရဲစခန်းသို့ လာရောက်လွှဲပြောင်းသဖြင့် စစ်ဆေးရာ ဝန်ထမ်းအိမ်ရာများမှ ဆိုင်ကယ် ၁၂ စီးအား ခိုးယူခဲ့ကြောင်း ထပ်မံပေါ်ပေါက်သဖြင့် ၎င်းတို့အား တရားစွဲဆိုပြီး အမှုအမြန်ဆုံး ပြီးပြတ်အောင်ဆောင်ရွက်၍ သက်ဆိုင်သူများထံသို့ ခိုးရာပါဆိုင်ကယ်များ အမြန်ဆုံး ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီမှ ဝန်ကြီးဌာန အသီးသီးသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်းသိရသည်။

**(ကြေးမုံ)**



**ရန်ကုန် ဒီဇင်ဘာ ၂၄**

# မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်ဖမ်းဆီး

ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မှုုရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဒီဇင်ဘာ ၅ ရက် နံနက် ၄ နာရီခန့်တွင် ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက် မဟာမြိုင်လမ်းပေါ်တွင် ခိုးမှုကျော်ဇောသတင်းရှိသူ မင်းပိုင်ဝင်းအား WAVE-110 JLL အမျိုးအစား ခဲ/အဖြူကျားရောင် ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိ၍ ခေါ်ယူမေးမြန်းရာ ၎င်းပိုင်ဆိုင်ကြောင်း သက်သေအထောက်အထား ပြသနိုင်ခြင်းမရှိသဖြင့် ရှာဖွေပုံစံဖြင့်သိမ်းဆည်း၍ ရွှေပြည်သာမြို့မရဲစခန်းက (ပ)၈၃၂/၁၄၊ ပြစ်မှုပုဒ်မ ၃၇၉/၅၄ ဖြင့် အမှုဖွင့်တိုင်တန်းထားသည်။

၎င်းအား အခြားဆိုင်ကယ်ခိုးမှုများဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ နိုဝင်ဘာလအတွင်းက မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှေ့ရှိ စံတော်ဝင်လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်ခုနစ်စီးကို အကြိမ်ကြိမ် ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်၍ သက်သေခံဆိုင်ကယ်များကို ပြန်လည်သိမ်းဆည်း ရမိသဖြင့် သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။**(ခရိုင်ရဲတပ်ဖွဲ့)**



## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များအား စစ်ဆေးအရေးယူရာတွင် မော်တော်ယာဉ်များပေါ်၌ ဥပဒေနှင့်ဆန့်ကျင်သော မော်တော်ယာဉ်သုံးကိရိယာမဟုတ်သည့် တုတ်၊ ဓား၊ လက်နက်များ တင်ဆောင်ထားပြီး တာဝန်ရှိသူများအား အဆိုပါပစ္စည်းများ အသုံးပြု၍ ပြန်လည်ရန်ပြုလျက်ရှိနေပါသည်။

သို့ပါ၍ယာဉ်ပေါ်(သို့မဟုတ်)လက်ဝယ်တွင် တုတ်၊ ဓား၊ လက်နက်များသယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိပါက တာဝန်ရှိသူယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် မော်တော်ယာဉ်စီးနင်းသူများအားတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**
















# “သည်အင်တာဗျူး”ဇာတ်ကား ခရစ္စမတ်နေ့တွင် ပြမည်




**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဆိုနီရုပ်ရှင်လုပ်ငန်း၏ ‘သည်အင်တာဗျူး’ရုပ်ရှင်ကို ခရစ္စမတ်နေ့တွင် အမေရိကန်နိုင်ငံရှိရုပ်ရှင်ရုံအချို့၌ထုတ်လွှင့်ပြသမည့်ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ယနေ့ဘီဘီစီတွင် ဖော်ပြသည်။

ဆိုက်ဘာတိုက်ခိုက်မှုခံခဲ့ရသည့် ဆိုနီရုပ်ရှင်လုပ်ငန်းသည် ထပ်မံခြိမ်းခြောက်ခံရပြီးနောက် ‘သည်အင်တာဗျူး’ဇာတ်ကားကို ထုတ်လွှင့်ပြသရန် တုံ့ဆိုင်းခဲ့ခြင်းအပေါ် သမ္မတအိုဘားမားက ပြစ်တင်ဝေဖန်ခဲ့သည်။

ခရစ္စမတ်နေ့တွင် နိုင်ငံတွင်းရုပ်ရှင်ရုံများ၌‘သည်အင်တာဗျူး’ဇာတ်ကားကို အကန့်အသတ်ဖြင့် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

“အမေရိကန်နိုင်ငံဟာ အနုပညာကို လွတ်လပ်စွာထုတ်ဖော်ပြသနိုင်တဲ့ နိုင်ငံဖြစ်တယ်။ လူတိုင်း အနုပညာရသကို ခံစားနိုင်ရမယ်။ ‘သည်အင်တာဗျူး’ဇာတ်ကားကို ထုတ်လွှင့်ပြသမယ့်ဆိုနီရုပ်ရှင်လုပ်ငန်းရဲ့ ဆုံးဖြတ်ချက်ကို ကြိုဆိုပါတယ်”ဟု အစီရင်ခံစာထဲတွင် သမ္မတအိုဘားမားက ထည့်သွင်းပြောကြားသည်။

နိုဝင်ဘာ၂၂ရက်တွင် ဆိုနီရုပ်ရှင်လုပ်ငန်းကို ဆိုက်ဘာတိုက်ခိုက်သည့်ကျူးလွန်မှုအပေါ် အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအား စွပ်စွဲခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုသည် ၎င်းနှင့်မသက်ဆိုင်ကြောင်း ငြင်းဆိုပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အား လုပ်ကြံသတ်ဖြတ်သည့် ဟာသဇာတ်မြူး ‘သည်အင်တာဗျူး’ဇာတ်ကားကို ရှုတ်ချခဲ့သည်။

လွန်ခဲ့သောရက်များအတွင်း မြောက်ကိုရီးယားနိုင်ငံသည် အင်တာနက်လိုင်းပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည်။

သမ္မတအိုဘားမားက ဆိုနီရုပ်ရှင်လုပ်ငန်း ဆိုက်ဘာတိုက်ခိုက်ခံရမှုအပေါ် တစ်နည်းနည်းဖြင့် လက်တုံ့ပြန်မည်ဖြစ်ကြောင်း ကတိပေးပြောကြားထားကြောင်း သိရသည်။

**ဘီဘီစီ။**

# သားဖြစ်သူ၏မူးယစ်ဆေးဝါးမှုနှင့်ပတ်သက်၍ ရှက်မိသည်ဟု ဂျက်ကီချန်းပြော

**ပေကျင်း ဒီဇင်ဘာ ၂၄**

ဟောင်ကောင် အက်ရှင်စူပါစတား ဂျက်ကီချန်းက ၎င်း၏သားကို ပေကျင်းအစိုးရ ရှေ့နေများ၏ မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် တရားစွဲဆိုခံထားရခြင်းအတွက် ရှက်မိသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။ ယင်းအမှုသည် ထောင်ဒဏ်သုံးနှစ်ကျခံရဖွယ်ရှိသည်။

အဆိုပါ မှတ်ချက်စကားကို ဂျက်ကီချန်း၏သား ဂျေစီချန်း(၃၂)နှစ်သည် မူးယစ်ဆေးဝါးမှုများဖြင့် စွဲချက်တင်ခံထားရကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ကြေညာပြီး နှစ်ရက်အကြာ ယနေ့တွင် ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

သားဖြစ်သူ၏ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် မကောင်းသတင်းသည် တရုတ်အစိုးရက ၂၀၀၉ခုနှစ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး သံတမန်တစ်ဦးအဖြစ်ခန့်အပ်ခံထားရသည့် ဂျက်ကီချန်းအတွက် စိတ်ကသိကအောက်ဖြစ်စရာတစ်ခု ဖြစ်နေသည်။

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ တရုတ်အမျိုးသားနိုင်ငံရေးထိပ်တန်းအကြံပေးတစ်ဦးဖြစ်သည့် ဂျက်ကီချန်းက ၎င်း၏ထင်ပေါ်ကျော်ကြားမှုနှင့် အရှိန်အဝါကိုအသုံးပြု၍ အဆိုပါအမှုကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်းနှင့် သရုပ်ဆောင်အဆိုတော်တစ်ဦးဖြစ်သည့် သူ့သားလွတ်မြောက်လာသည့်အခါတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသံတမန်တစ်ဦးဖြစ်လာရေးကိုသာ မျှော်လင့်မိသည်ဟု ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပေကျင်းရဲတပ်ဖွဲ့များက ဂျေစီချန်းနှင့် တရုတ်(တိုင်ပေ) ရုပ်ရှင်သရုပ်ဆောင် ကိုကီတို့ကို မူးယစ်ဆေးဝါးမှုဖြင့် ဩဂုတ်လကတည်းက ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

**အေပီ။**



# အိုင်အက်စ်စစ်သွေးကြွများက စစ်လေယာဉ်တစ်စင်းကိုပစ်ချ လေယာဉ်မှူးအား ဖမ်းဆီးထား



**ဘေရွတ် ဒီဇင်ဘာ ၂၄**

အိုင်အက်စ်စစ်သွေးကြွတိုက်ခိုက်ရေးသမားများက ဆီးရီးယားနိုင်ငံပေါ်တွင် ထိုးစစ်ဆင်နေသည့် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့မှဟု ယူဆရသည့် စစ်လေယာဉ်တစ်စင်းကို ပစ်ချပြီး လေယာဉ်မှူးကို ဖမ်းဆီးထားကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူများက ပြောကြားသည်။

ဗြိတိသျှအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က အဆိုပါ တိုက်လေယာဉ်သည် အိုင်အက်စ်စစ်သွေးကြွများက ၎င်းတို့၏ မြို့တော်အဖြစ်သတ်မှတ်ထားသည့် နိုင်ငံမြောက်ပိုင်း ရက်ကာမြို့အနီးတွင် ပစ်ချခံရခြင်းဖြစ်သည်ဟု ဆိုသည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့က အဆိုပါတိုက်လေယာဉ်သည် ညွန့်ပေါင်းတပ်ဖွဲ့မှ တိုက်လေယာဉ်ဖြစ်ပြီး ဖမ်းဆီးခံထားရသည့် လေယာဉ်မှူးမှာ အာရပ်လူမျိုးတစ်ဦးဖြစ်သည်ဟု ဆိုသည်။

အခြားအဖွဲ့အစည်းတစ်ခုဖြစ်သည့် အိုင်အက်စ်တို့ထိန်းချုပ်ထားသော ရက်ကာမြို့အခြေစိုက် ရက်ကာမီဒီယာဗဟိုဌာနက ဖမ်းဆီးခံထားရသည့် လေယာဉ်မှူးမှာ ဂျော်ဒန်လူမျိုးတစ်ဦးဖြစ်သည်ဟု ဆိုသည်။ အဆိုပါဖြစ်ရပ်သည် လွန်ခဲ့သည့်သုံးလကစတင်ခဲ့သည့် ဆီးရီးယားနိုင်ငံသို့ အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုများအတွင်း ယင်းလေယာဉ်သည် ပထမဆုံးပစ်ချခံရသည့် လေယာဉ်ဖြစ်သည်။

ရက်ကာမီဒီယာဗဟိုဌာနက ထုတ်ပြန်ထားသည့် သတင်းဓာတ်ပုံတွင် အဖြူရောင်ရှပ်အင်္ကျီဝတ်ထားသည့် လေယာဉ်မှူးကို အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ဖမ်းဆီးခေါ်ဆောင်သွားသည့် ပုံစံမျိုးတွေ့ရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဂျော်ဒန်တာဝန်ရှိသူများက ၎င်းတို့တိုက်လေယာဉ်တစ်စင်း ဆီးရီးယားနိုင်ငံတွင် ပျက်ကျခဲ့ပြီး လေယာဉ်မှူးကို အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ဖမ်းဆီးထားသည်ဟု အတည်ပြုခဲ့သည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များသည် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို စက်တင်ဘာ ၂၃ ရက်မှစ၍ လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုများအတွင်း ဆော်ဒီအာရေဗျ၊ ဂျော်ဒန်၊ ဘာရိန်းနှင့် ယူအေအီးနိုင်ငံတို့က ပူးပေါင်းပါဝင်ခဲ့သည်။

**အေပီ။**

# မိကျောင်းသားရေ အချပ် ၃၀၀၀ ထက်မနည်း တရုတ်အကောက်ခွန် ဖမ်းဆီး

**ရှာမင်း ဒီဇင်ဘာ ၂၄**

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူးကျန့်ပြည်နယ်မှ အကောက်ခွန်အာဏာပိုင်များသည် တရုတ်(တိုင်ပေ)မှ တရားမဝင်သင်္ဘောဖြင့် ပို့ဆောင်လာသည့် မိကျောင်းသားရေ ၃၀၂၂ ချပ်အား ဖမ်းဆီးခဲ့ကြောင်း ဒီဇင်ဘာ ၂၄ ရက်တွင် ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ရှာမင်းအကောက်ခွန်ဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦး၏ အဆိုအရ ပြီးခဲ့သည့် ဇွန်လလယ်က ဖူးကျန့်အခြေစိုက် ကုန်သွယ်ရေးကုမ္ပဏီတစ်ခုသည် တရုတ်(တိုင်ပေ)မှ တင်သွင်းလာသည့် အေးခဲနေသည့် ငါးအသားလုံးများအတွက် တရားဝင်ကြောင်းကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း၊ သို့သော် ပုံဖျက်ထားသည့် ငါးအသားလုံးများမှာ မိကျောင်းသားရေ ၁၃၂၈ ချပ်သာဖြစ်ကြောင်း နောက်ပိုင်းတွင် အကောက်ခွန်အရာရှိများက တွေ့ရှိခဲ့သည်။

တရုတ်(တိုင်ပေ)မှ စီးပွားရေးသမားနှစ်ဦးသည် မိကျောင်းသားရေများကို စင်ကာပူမှတင်သွင်းကာ တရုတ်(တိုင်ပေ)တွင် အရောင်ဆိုး၍ ပြည်မကြီးသို့ သင်္ဘောဖြင့်တင်ပို့ရန် ပို့ဆောင်ရေးကုမ္ပဏီတစ်ခုအား ငွေပေးချေခဲ့ကြောင်း အကောက်ခွန်ဌာန၏ စုံစမ်းစစ်ဆေးမှုတွင် တွေ့ရှိခဲ့သည်။ ဖူးကျန့်အခြေစိုက်ကုမ္ပဏီအား ပို့ဆောင်ရေးကုမ္ပဏီက ရှာမင်းအကောက်ခွန်ဌာန၌ ကုန်ပစ္စည်းများဝင်/ထွက်ခွင့်ရရှိရန် လုပ်ငန်းအပ်နှံခဲ့သည်။ တန်ဖိုးကြီးလက်ကိုင်အိတ်များပြုလုပ်ရာတွင် အသုံးပြုသည့် မိကျောင်းသားရေများအား သားရေထွက်ကုန်များအတွက် အဓိကကုန်သွယ်မှုပြုလုပ်ရာ အချက်အချာနေရာတစ်နေရာဖြစ်သည့် ကွမ်ကျိုးသို့ ပို့ဆောင်ရန် စီစဉ်ထားသည်။

ဖူးကျန့်ကုမ္ပဏီသည် ပြီးခဲ့သည့် မေလနှင့်ဇွန်လအစောပိုင်းကလည်း မိကျောင်းသားရေ ၁၆၉၄ ချပ်အား နှစ်သုတ်ခွဲ၍ ကုန်ကူးရန် ပို့ဆောင်ရေးကုမ္ပဏီအား ကူညီခဲ့ကြောင်း တွေ့ရှိခဲ့သည်။ အဆိုပါအမှုအား အစိုးရရှေ့နေများထံ လွှဲပြောင်းခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

# အမေရိကန်နိုင်ငံတောင်ပိုင်း လေဆင်နှာမောင်းတိုက်ခတ်

**မစ္စစပီ ဒီဇင်ဘာ ၂၄**

အမေရိကန်နိုင်ငံတောင်ပိုင်း မစ္စစပီပြည်နယ်တွင် ယမန်နေ့က လေဆင်နှာမောင်း တိုက်ခိုက်ခဲ့ရာ လူလေးဦးသေဆုံးခဲ့ပြီး လူအများအပြားထိခိုက်ဒဏ်ရာရရှိကာ အိမ်များပျက်စီးခဲ့ကြောင်း သိရသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး ဖီဘာရာရန့်က ဂျုံးစ်နှင့် မာရီယွန်စီရင်စုများတွင် အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာထားသည်။

‘အိမ်ခေါင်မိုးသွပ်တွေ လမ်းမပေါ်မှာပြန့်ကျဲနေတယ်။ လူတွေအိမ်ထဲမှာ ချောင်ပိတ်မိနေတယ်’ဟု မာရီယွန်စီရင်စုအုပ်ချုပ်ရေးမှူးကပြောသည်။ အဆိုပါစီရင်စုများတွင် လျှပ်စစ်မီး ပြတ်တောက်လျက်ရှိသည်။ လေဆင်နှာမောင်းတိုက်ခိုက်မှုကြောင့် အရှေ့ကမ်းရိုးတန်းလေဆိပ်များတွင် လေကြောင်းလိုင်းများ ကြန့်ကြာခဲ့ရသည်။ နိုင်ငံ၏ အနောက်မြောက်ပိုင်းနှင့် ချီကာဂိုမြို့တွင် ခရစ္စမတ်ပွဲတော်အတွင်း နှင်းမိုးများရွာသွန်းနိုင်ကြောင်း သိရသည်။

**အင်န်ဘီစီ နယူးစ်။**





# နေမာနှင့် စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာ ဆန္ဒရှိနေ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် အသင်း၏အားထားရသည့် ဘရာဇီးတိုက်စစ်မှူး နေမာအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း တိုက်စစ်မှူးနေမာ၏ ကိုယ်စားလှယ် ဖြစ်သူက ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် နေမာအား စာချုပ်သစ်ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများပြုလုပ်သွားရန် တောင်းဆိုထားပြီး အဆိုပါစာချုပ်သစ်ချုပ်ဆိုခဲ့ပါက ၂၀၂၀ ခုနှစ်အထိ ဘာစီလိုနာအသင်း၌ ဆက်ရှိနေမည်ဖြစ်ကြောင်း ယခုတစ်ပတ်အစောပိုင်းက သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဘာစီလိုနာအသင်းက တိုက်စစ်မှူးနေမာအား ၂၀၂၀ ခုနှစ်အထိ ဆက်ရှိနေမည့်စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရန် ဆန္ဒရှိနေခြင်းသည် မှန်ကန်မှုရှိ၊ မရှိနှင့် ပတ်သက်၍ ဘရာဇီးသတင်းထောက်များက မေးမြန်းခဲ့သည်များကို တိုက်စစ်မှူး နေမာ၏ ကိုယ်စားလှယ်ဖြစ်သူ ရီဘီရိုက မှန်ကန်မှုရှိကြောင်း ထောက်ခံပြောကြားခဲ့သည်။ တိုက်စစ်မှူးနေမာသည် ၂၀၁၃ ခုနှစ်က လာလီဂါသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ၎င်း၏ လက်ရှိစာချုပ်သည် ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ လက်ရှိတွင် ဘာစီလိုနာအသင်းတွင် နေမာအပါအဝင် တိုက်စစ်မှူး မက်ဆီနှင့် ဆွာရက်ဇ်တို့ရှိနေသော်လည်း လာလီဂါပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်း၏ စံချိန်ကို ချိုးနိုင်ရန် လွယ်မည်မဟုတ်ကြောင်းလည်း သိရသည်။ **(နိုင်လင်းကြည်)**

## (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ တပ်ကုန်းမြို့တွင် ကျင်းပမည်

**တပ်ကုန်း ဒီဇင်ဘာ ၂၄**

တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့က ကြီးမှူးကျင်းပသော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားစားပြိုင်ပွဲများကို တပ်ကုန်းမြို့နယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် အားကစားအမျိုးအစား လေးမျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ထိုအားစားနည်းများမှာ ဘော်လီဘော၊ ပိုက်ကျော်ခြင်း (အလွတ်တန်း)၊ လူငယ်အပြေးပွဲပြိုင်ပွဲနှင့်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ စသည်တို့ ဖြစ်သည်။ ထိုပြိုင်ပွဲများကို တပ်ကုန်းမြို့နယ်အားကစားဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများသည် မြို့နယ်အား/ကာရုံးသို့ ဒီဇင်ဘာ ၂၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ အသင်းဝင်ကြေးအဖြစ် ငွေကျပ် ၅၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဇင်ဘို-ကြေးမုံ)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၄**

မြစ်ကြီးနားမြို့ ကက်သလစ်အသင်းတော် ဘုန်းတော်ကြီးတပိုင်မှ ကြီးမှူးကျင်းပသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်ဘောလုံးအားကစားကွင်း၌ကျင်းပရာ စိန်ကိုလန်ဘန်လူငယ်လက်ရွေးစင်အသင်းနှင့် အေးမြသာယာလူငယ်လက်ရွေးစင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ဒုတိယပိုင်းပွဲအပြီးတွင် စိန်ကိုလန်ဘန်လူငယ်လက်ရွေးစင်အသင်းက အေးမြသာယာလူငယ်လက်ရွေးစင်အသင်းကိုခြောက်ဂိုး-နှစ်ဂိုးဖြင့် စိန်ကိုလန်ဘန် အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဌ ဦးလဗျမုန်ထွယ်က အနိုင်ရဗိုလ်စွဲသွားသည့် စိန်ကိုလန်ဘန်အသင်းအား ဆုဖလား၊ ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ တာဝန်ရှိသူများက ဒုတိယဆုရ အေးမြသာယာအသင်းအား ငွေကျပ် ငါးသိန်းနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ပူးတွဲ တတိယဆုရ ရဟန်းဖြစ်ကျောင်းသားဟောင်းများအသင်း (JJU)နှင့် မြစ်ကြီးနား ဘုန်းတော်ကြီးတပိုင်အသင်းတို့အား ငွေကျပ် နှစ်သိန်းစီနှင့် နေရာအလိုက် အကောင်းဆုံးဆုနှင့် ဆုဖလားများကိုလည်းကောင်း ပေးအပ်ခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ စတင်ကျင်းပကာ ပြိုင်ပွဲဝင်လူငယ်ဘောလုံးအသင်း ၁၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်မှု ပပျောက်ရေးအတွက်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မိုယ်းကျ(မြစ်ကြီးနား)**



## မန်ယူကွင်းလယ်လူ ကလီဗာလေအား ခေါ်ယူရန် အက်စတွန်ဗီလာ သဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် အက်စတွန်ဗီလာအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်း၏ အင်္ဂလန်လက်ရွေးစင်ကွင်းလယ်ကစားသမား တွမ်ကလီဗာလေအားခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ကလီဗာလေမှာပြီးခဲ့သည့်နွေရာသီကာလက မန်ယူအသင်းမှ အက်စတွန်ဗီလာအသင်းသို့ ကာလတိုအငှား စာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင်ခြေစွမ်းပြသနေခြင်းဖြစ်သည်။

ထို့ကြောင့် အက်စတွန်ဗီလာနည်းပြဖြစ်သူ ပေါလ်လမ်းဘတ်မှာ ၎င်းအား အပြီးသတ်စာချုပ်ချုပ်ဆိုရန် စိတ်အားထက်သန်နေပြီး လာမည့်ရက်ပိုင်းအတွင်း မန်ယူအသင်းနှင့်ဆွေးနွေးသွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ အက်စတွန်ဗီလာအသင်းမှာ မန်ယူအသင်းအလိုရှိနေသည့် ပေါင် ခုနစ်သန်းခန့်ကို ပေးချေရန်အသင့်ရှိနေပြီး လာမည့်ဆောင်းရာသီအပြောင်းအရွှေ့ကာလတွင် အပြီးသတ်စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ထို့ပြင် ကစားသမားကိုယ်တိုင်ကလည်း မန်ယူအသင်းတွင် ကစားရန်ထက် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေပြီး အက်စတွန်ဗီလာအသင်းနှင့် အကြိုသဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

ကလီဗာလေ၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ လမ်းဘတ်က "ကလီဗာလေဟာ တကယ်ထူးချွန်တဲ့ ကစားသမားတစ်ဦးပါ။ သူဟာအရန်ခုံမှာပဲထိုင်နေဖို့ မသင့်ပါဘူး၊ ကျွန်တော့်အနေနဲ့သူ့ကို လာမယ့်ဇန်နဝါရီကာလမတိုင်မီမှာ အပြီးသတ်စာချုပ်ချုပ်ဆိုဖို့ ကြိုးပမ်းသွားမှာဖြစ်ပြီး မန်ယူအသင်းနဲ့လည်း အကြိုသဘောတူညီမှုရရှိခဲ့ပါပြီ" ဟု ပြောကြားခဲ့သည်။ **(ကိုရဲ)**

## စုပေါင်းနွဲပျော် ခရစ္စမတ်ပွဲတော်



**ရန်ကုန် ဒီဇင်ဘာ ၂၄**

၂၀၁၄ ခုနှစ် ခရစ္စမတ်အကြိုပွဲတော်ကို မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဝက်ဘာ) ဗဟန်းမြို့နယ်စေတနာမူလတန်းကြိုကျောင်း (ဝက်ဘာ)၌ ကျင်းပခဲ့ရာ မူကြိုကလေးငယ်များက စုပေါင်းသီချင်းဆိုခြင်း၊ လက်ဆောင်များပေးခြင်းနှင့် စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်းတို့ကို ပျော်ရွှင်စွာပြုလုပ်ခဲ့ကြောင်းသိရသည်။ **(သွန်းဝသန်လင်း)**

**ပရီမီယာလိဂ်ပွဲစဉ် (၁၈)ကို ဒီဇင်ဘာ ၂၆၊ ၂၇ ရက်တွေမှာ ကျင်းပဖို့ရှိပြီး အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးက လက်ရှိ ခြေစွမ်းကောင်းမွန်နေတဲ့ ဝက်စ်ဟမ်းနဲ့ဆုံတွေ့ရမယ့်ပွဲ ပါဝင်နေသလို မန်ယူကလည်း ကစားပုံကောင်းနေတဲ့ နယူးကာဆယ်ကို အိမ်ကွင်းမှာလက်ခံကစားရမှာဖြစ်တာကြောင့် ပွဲကောင်းတွေဖြစ်လာမှာ သေချာနေတယ်။**

## ပရီမီယာလိဂ် ရင်ခုန်သံ – ၁၈

ရှိုင်းမင်းမင်း

**လက်စတာ-စပါး ည ၉း၃၀ (၂၆-၁၂-၁၄)**

ဒီပွဲအပြီးမှာ မန်ယူနဲ့ပွဲကျပ်ရင်ဆိုင်သွားရမယ့် စပါးဟာ ဒီပွဲစဉ်မှာ အမှတ်ပြည့်ရယူထားနိုင်ဖို့ အထူးအာရုံစိုက်သွားမှာပါ။ လက်စတာကလည်း ခြေစွမ်းပိုင်းအားနည်းလွန်းတာကြောင့် စပါးကိုထိန်းဖို့ခက်ပါလိမ့်မယ်။ ဟာရီကိန်းရဲ့ခြေစွမ်းပြမှုနဲ့အတူ တိုက်စစ်ပိုင်းထက်မြက်နေတဲ့စပါးသာ နိုင်ပွဲရသွားမှာပါ။

**မန်ယူ - နယူးကာဆယ် ည ၉း၃၀ (၂၆-၁၂-၁၄)**

ဗီလာနဲ့ သရေကျခဲ့ရတဲ့အပြင် ဒီပွဲအပြီးမှာလည်း စပါးနဲ့ပွဲကျပ်ကစားရဖို့ရှိတာကြောင့် မန်ယူတို့ ဒီပွဲမှာ နိုင်ပွဲရအောင် အထူးအားစိုက်ကစားမှာပါ။ မန်ယူက အိမ်ကွင်းမှာဆိုရင် ကစားပုံကောင်းတတ်သလို ဒီမာရီယာလည်း ဒဏ်ရာက ပြန်သက်သာလာတာကြောင့် ထိုးဖောက်အားပါ ကောင်းနိုင်လို့ ဒီပွဲမှာတော့ မန်ယူပဲ နိုင်ပွဲရသွားမှာပါ။

**ဆန်းဒါးလန်း - ဟားလ်စီးတီး ည ၉း၃၀ (၂၆-၁၂-၁၄)**

သရေပွဲတွေများနေတဲ့ ဆန်းဒါးလန်းအနေနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာပါတယ်။ ဟားလ်စီးတီးကတော့ ကစားပုံမဆိုးဘူးဆိုပေမယ့်လည်း ခံစစ်ကစားပုံအားနည်းတာကြောင့် ရလဒ်တွေအားနည်းနေပါတယ်။ ဆန်းဒါးလန်းက အိမ်ကွင်းအားနဲ့လည်း ဖိအားပေးမှာဆိုတော့ ဆန်းဒါးလန်းပဲနိုင်ပွဲရသွားမှာပါ။

**ဆွမ်ဆီး - ဗီလာ ည ၉း၃၀ (၂၆-၁၂-၁၄)**

နောက်ဆုံးပွဲစဉ်မှာ ဆွမ်ဆီးက ဟားလ်စီးတီးကို နိုင်ခဲ့တယ်ဆိုပေမယ့် ကစားပုံက သာမန်ထက်မပိုဘူး။ အထူးသဖြင့် အဲဒီပွဲမှာ ဂိုးမပေးခဲ့ရဘူးဆိုပေမယ့် ဟားလ်စီးတီးတိုက်စစ်အားပျော့လွန်းတာကို သတိပြုရမယ်။ ဗီလာကတော့ ဂိုးသွင်းခြေရှိသလို လက်ရှိခံကစားအားကလည်း ကောင်းမွန်နေတာကြောင့် ဆွမ်ဆီးသရေလောက်ပဲရမယ်။

**ဝက်စ်ဘရွန်း - မန်စီးတီး ည ၉း၃၀ (၂၆-၁၂-၁၄)**

ကျူပီအာကို နှစ်ဂိုးအသာရပြီးမှ သုံးဂိုးပြန်ပေးရပြီး ရှုံးခဲ့ရတဲ့ ဝက်စ်ဘရွန်းရဲ့ခံစစ်ကစားပုံက အားနည်းလွန်းပါတယ်။ မန်စီးတီးက အဂူရို၊ ဇက်ကိုတို့ ဒဏ်ရာတွေရနေပေမယ့် ဆေးလ်ဗား၊ ယာယာတိုရေးတို့ ခြေစွမ်းပြနေတာကြောင့် ထိုးဖောက်ကစားပုံကောင်းနေတယ်။ မန်စီးတီးပဲနိုင်ပွဲရသွားမှာပါ။

**အာဆင်နယ် - ကျူပီအာ နံနက် ဝဝး၀၀ (၂၇-၁၂-၁၄)**

အခုနောက်ပိုင်းမှာ ကျူပီအာရဲ့ အသင်းလိုက်ကစားပုံမဆိုးသလို တိုက်စစ်ကဂိုးသွင်းခြေရကာ နိုင်ပွဲတွေလည်း ရနေပေမယ့် အဝေးကွင်းမှာတော့ နိုင်ပွဲမရသေးဘဲ ရှုန်းကန်ရလေ့ရှိတာကို သတိပြုရမယ်။ အထူးသဖြင့် အာဆင်နယ်က အမှတ်လိုအပ်နေကာ အိမ်ကွင်းလည်းဖြစ်လို့ အမှားခံမှာမဟုတ်ဘူး။ အာဆင်နယ် ကပ်နိုင်မှာပါ။

ရွှေနန်းတော် အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး
ချောင်းသာ၊ ငွေဆောင်၊ ကျိုက်ထီးရိုး၊ ရွှေစက်တော်ဖွင့်ပွဲ
Hotel, Guest House
Ph : 09-253366299, 09-250377795, 01-377921

GOLDEN STAR Travels & Tours
Scania,Volvo,Yutong အဆင့်မြင့်ကားများဖြင့်...
ကျိုက်ထီးရိုး (နေ့စဉ်) သံသာတော်/သီလရှင်
ချောင်းသာ (နေ့စဉ်) ငွေဆောင်(သောကြာ)
Ph: 209200,430480,544383,703448,705968

ခေတ်သစ်မြန်မာ 09-5029456,09-36369963,09-254200684
45000
70000
65000
60000
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်)



## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၃-၂၀၁၄စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ နိုင်ငံခြားကုမ္ပဏီလုပ်ငန်းရှင် (၄၈)ဦးစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

| စဉ် | ကျသင့်ကုန်သွယ်လုပ်ငန်းခွန် | အခွန်ထမ်းဦးရေ |
|---|---|---|
| ၁ | ကျပ်သန်း ၁၀၀၀၀ အထက် | ၂ ဦး |
| ၂ | ကျပ်သန်း ၅၀၀၀ အောက် | ၂ ဦး |
| ၃ | ကျပ်သန်း ၁၀၀၀ အောက် | ၇ ဦး |
| ၄ | ကျပ်သန်း ၅၀၀ အောက် | ၁၃ ဦး |
| ၅ | ကျပ်သန်း ၁၀၀ အောက် | ၁၁ ဦး |
| ၆ | ကျပ်သန်း ၅၀ အောက် | ၁၃ ဦး |
| စုစုပေါင်း | | ၄၈ ဦး |

မှတ်ချက် ။ ကျပ်သန်း(၁၀၀၀၀)နှင့် ကျပ်သန်း(၅၀၀၀)အကြား ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်သည့် လုပ်ငန်းရှင်မရှိပါ။

## ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင်(၄၈)ဦး (နိုင်ငံခြားကုမ္ပဏီများ)

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | ကျပ်သန်း ၁၀၀၀၀ အထက် | | | | |
| ၁ | Myanmar Brewery Ltd. | အမှတ် ၄၅၊ အမှတ် ၃ လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၂ | Rothmans of Pall Mall Myanmar Pte. Ltd. | အမှတ် ၃၈၊ အမှတ် ၃ လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| | ကျပ်သန်း ၅၀၀၀ အောက် | | | | |
| ၃ | Myanmar CP Livestock Co.,Ltd. | အမှတ် ၁၃၅၊ ပြည်လမ်း၊ ၈မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၄ | Diethelm & Co.,Ltd. | အမှတ် ၀၁၃၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| | ကျပ်သန်း ၁၀၀၀ အောက် | | | | |
| ၅ | United Pharmaceutical Co.,Ltd. | အမှတ် ၁၂(အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Serv ices | |
| ၆ | Yangon Hotel Co.,Ltd. | အမှတ် ၃၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၇ | CP Yangon Co.,Ltd. | အမှတ် ၂၅/ဘီ၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၈ | Traders Yangon Co.,Ltd. | အမှတ် ၂၂၃၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၉ | Royal Lake Hotel Co.,Ltd. | အမှတ် ၄၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၁၀ | Myanmar Posco Steel Co.,Ltd. | အမှတ် ၂၂၊ အမှတ်၃လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၁၁ | UMW Engineering Services Ltd. | အမှတ် ၁၉၄၄(ဘီ)၊ အဆင့်မြင့် ဗိုလ်ချုပ်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| | ကျပ်သန်း ၅၀၀ အောက် | | | | |
| ၁၂ | Myanmar Hotels International Co.,Ltd | အမှတ် ၃၇၊ အင်းလျားလိတ်ဟိုတယ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၁၃ | Myanmar Sutech Co.,Ltd. | အမှတ် ၂၀၇/၂၀၈၊ ရတနာအိမ်ရာ၊ ၉ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၁၄ | DKSH Services Ltd | အမှတ် ၀၁၃၊သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၁၅ | Mega Lifesciences Ltd. | အမှတ် ၁(က/၇)၊ ရွှေပင်လုံအိမ်ရာ၊ ဘုရင့်နောင်လမ်းမ၊ (၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၁၆ | Sedona Hotel | ၂၆လမ်း၊ ၆၆×၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်း ဒေသကြီး | Hotel | |
| ၁၇ | System-Bilt. (Myanmar) Ltd. | အမှတ် ၃၅၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၁၈ | PRA FMI Pansea Hotel Development Co.,Ltd. | အမှတ်-၃၅၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၁၉ | The First Automotive Co.,Ltd. | အမှတ်-၄၇၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၂၀ | Micasa Hotel Ltd. | အမှတ်-၁၇၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၂၁ | Diethelm Travel Co.,Ltd. | အမှတ်-၄၁၂၊ ကုန်သည်လမ်းနှင့် (၄၅)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Tourisms | |
| ၂၂ | Meeyahta International Hotel Ltd. | အမှတ်-၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၂၃ | Myanmar Thiripyitsaya Sakura Co.,Ltd. | အမှတ်-၃၃၉၊ အခန်း(၀၅၀၅)၊ ဆာကူရာတာဝါ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၂၄ | Myanmar Mamee Double Decker Co.,Ltd. | အမှတ်-၄၁၊ အမှတ်-၃လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| | ကျပ်သန်း ၁၀၀ အောက် | | | | |
| ၂၅ | Myanmar Care Products Ltd. | အမှတ်-၄၅/၂၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၂၆ | Super Coffee Mix Co.,Ltd. | အမှတ် ၁၃၉/၁၄၀၊ ကွမ်းအပ်မင်းသားလမ်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းစက်မှုဇုန်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Manufac- turing | |
| ၂၇ | Myanmar LSG Lufthansa Services Ltd. | မင်္ဂလာဒုံလေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၂၈ | T.T.A.S Co.,Ltd. | အမှတ်-၈၇(အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၂၉ | Myanmar Hualian Plastic Manufacturing Co.,Ltd. | အမှတ်-၁၄၇၊ မဂ္ဂရာမင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၃၀ | Myanmar Megasteel Industrial Co.,Ltd. | အမှတ်-၅၃(ဘီ)၊ ၅၄/၅၅၊ ဦးမိုလမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၃၁ | Asian Trails Tours Ltd. | အမှတ်-၇၃၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၃၂ | Savoy Hotel Co.,Ltd. | အမှတ်-၁၂၉၊ ဓမ္မစေတီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၃၃ | Integrated Customer Services Travels & Tours Co.,Ltd. | အမှတ်-၁၁(အေ)၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Travels & Tours | |
| ၃၄ | Andaman Club (Myanmar)Co.,Ltd. | အမှတ်-၂၈(ဘီ)၊ ကြာပဒုမ္မာလမ်း၊ ၃/ခ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| ၃၅ | Myanmar Hotels & Cruises Ltd. | အမှတ်-၃၉(စီ)၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Hotel | |
| | ကျပ်သန်း ၅၀ အောက် | | | | |
| ၃၆ | Myanmar Ves JV Co.,Ltd. | အမှတ်-၆၆၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၃၇ | Myanmar Arysta Agro Co.,Ltd. | အမှတ်-၉၅၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၃၈ | Exotissimo Travel Co.,Ltd. | အမှတ်-၃၀၃၊ ဆာကူရာတာဝါ၊ ၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Travels & Tours | |
| ၃၉ | Exe Sakura (Myanmar)Co.,Ltd. | အမှတ် ၃၃၉၊(၁၂)လွှာ၊အခန်း (၀၅၀၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဆာကူရာတာဝါ၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၄၀ | Myanmar Consolidated Media Co.,Ltd. | အမှတ် ၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၄၁ | Myanmar Andaman Pearl Co.,Ltd. | အမှတ် ၂၈(ဘီ)၊ကြာပဒုမ္မာလမ်း၊ ၃/ခရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၄၂ | Myanmar Carbonix Co.,Ltd. | LPG ဂက်(စ်)ဆိုင်၊BOCမှတ်တိုင်အနီး၊ အင်းစိန်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၄၃ | Myanmar Allure Group Co.,Ltd. | အမှတ် ၃၃၊အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၄၄ | La Source Trading Ltd. | အမှတ် ၈၀(ဗ)၊အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၄၅ | Sai Travel Services (Myanmar) Co.,Ltd. | အမှတ် ၃၃၉၊(၁၀)လွှာ၊ ဆာကူရာတာဝါ၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၄၆ | Yathar Cho Co.,Ltd. | အမှတ် ၁၁၈၊ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၄၇ | Thanakha Travels & Tours Co.,Ltd. | အမှတ်-၄၈၊(ဘီ-၂)၊ပထမထပ်၊ အင်းလျားရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Tourism | |
| ၄၈ | Myanmar Fritz Werner Industries Co.,Ltd. | အမှတ်-၄၇၊ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |

## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူနိုင်ငံခြား ကုမ္ပဏီ/လုပ်ငန်းရှင် (၆၇)ဦးစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

| စဉ် | ဝင်ငွေ | ဦးရေ |
|---|---|---|
| ၁ | သန်း ၁၃၀၀၀၀ အထက် | ၂ ဦး |
| ၂ | သန်း ၄၀၀၀၀ အောက် | ၇ ဦး |
| ၃ | သန်း ၄၀၀၀ အောက် | ၁ ဦး |
| ၄ | သန်း ၃၀၀၀ အောက် | ၁ ဦး |
| ၅ | သန်း ၂၀၀၀ အောက် | ၅ ဦး |
| ၆ | သန်း ၁၀၀၀ အောက် | - |
| ၇ | သန်း ၉၀၀ အောက် | - |
| ၈ | သန်း ၈၀၀ အောက် | ၁ ဦး |
| ၉ | သန်း ၇၀၀ အောက် | - |
| ၁၀ | သန်း ၆၀၀ အောက် | ၁ ဦး |
| ၁၁ | သန်း ၅၀၀ အောက် | ၂ ဦး |
| ၁၂ | သန်း ၄၀၀ အောက် | ၂ ဦး |
| ၁၃ | သန်း ၃၀၀ အောက် | ၄ ဦး |
| ၁၄ | သန်း ၂၀၀ အောက် | ၈ ဦး |
| ၁၅ | သန်း ၁၀၀ အောက် | ၉ ဦး |
| ၁၆ | သန်း ၅၀ အောက် | ၂၄ ဦး |
| စုစုပေါင်း | | ၆၇ ဦး |

## ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံး ပေးဆောင်သည့် နိုင်ငံခြားကုမ္ပဏီများစာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | သန်း(၁၃၀၀၀၀)အထက် | | | | |
| 1 | Mottama Gas Transporation Co., Ltd. | အမှတ် ၅၊ စွယ်တော်ကန်လမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Production | |
| 2 | Taninthayi Pipeline Co.,Ltd. (Myanmar Branch) | အမှတ် ၁၆၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်။ | CCTO | Services | |
| | သန်း(၄၀၀၀၀)အောက် | | | | |
| 3 | PTTER International Co.,Ltd. | ၂၊ ဆည်မြောင်းရိပ်သာလမ်း၊ ၈မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်။ | CCTO | Production | |
| 4 | Petronas Carigali Myanmar Inc. (Branch Office). | အမှတ် ၁၆၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်။ | CCTO | Production | |
| 5 | Total E & P Myanmar (Yangon Branch) | ၅၊ ပန်းပင်ကုန်းအိမ်ရာ၊ မရမ်းကုန်းမြို့နယ်။ | CCTO | Production | |
| 6 | Unocal Myanmar Offshore Ltd. | ၆၄/ဘီ၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ပ-ထပ်၊ ဗဟန်းမြို့နယ်။ | CCTO | Production | |
| 7 | Myanmar Brewery Ltd. | အမှတ် ၄၅၊ အမှတ် ၃ လမ်းကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | Production | |
| 8 | PC Myanmar (Hong Kong)Ltd. (Yangon Branch) | အမှတ် ၁၆၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်။ | CCTO | Production | |
| 9 | Rothmans of Pall Mall Myanmar Pte., Ltd. | အမှတ် ၃၈၊ အမှတ် ၃ လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊မင်္ဂလာဒုံမြို့နယ်။ | CCTO | Production | |
| | သန်း(၄၀၀၀)အောက် | | | | |
| 10 | Myanmar CP Livestock Co.Ltd. | အမှတ် ၁၃၅၊ ပြည်လမ်း၊ ၈မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်။ | CCTO | Production | |
| | သန်း(၃၀၀၀)အောက် | | | | |
| 11 | Hyundai Heavy Industries Co., Ltd. | Unit 03-07, Level-3, Business Suite, Sedona Hotel, ရန်ကင်းမြို့နယ်။ | CCTO | Production | |
| | သန်း(၂၀၀၀)အောက် | | | | |
| 12 | Diethelm & Co.,Ltd. | အမှတ် ၀၁၃၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။ | CCTO | Trading | |
| 13 | UMW Engineering Services Ltd. | ၁၉၄၄-ဘီ၊ အဆင့်မြင့် ဗိုလ်ချုပ်လမ်း၊ လှိုင်သာယာမြို့နယ်။ | CCTO | Trading | |
| 14 | United Pharmaceutical Co.,Ltd. | ၁၂/အေ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Services | |
| 15 | CP Yangon Co.,Ltd. | အမှတ်(၂၅/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်။ | CCTO | Services | |

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| 16 | Schlumberger Logelco Inc (Myanmar Branch) | အမှတ် (၃၃)စီ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Services | |
| | သန်း(၈၀၀)အောက် | | | | |
| 17 | DKSH Services Ltd. | အမှတ် ၀၁၃၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။ | CCTO | Services | |
| | သန်း(၆၀၀)အောက် | | | | |
| 18 | Yangon Hotel Co., Ltd. | အမှတ် ၃၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ | CCTO | Hotel | |
| | သန်း(၅၀၀)အောက် | | | | |
| 19 | MPA-Allied Yangon Inland and Container Depot Ltd | ဗိုလ်တထောင်ဘုရားလမ်း၊ ဆိပ်ကမ်းမြို့နယ်။ | CCTO | Services | |
| 20 | Myanmar Posco Steel Co.,Ltd. | ၂၂၊ အမှတ်(၃)လမ်းမကြီး၊ ပျဉ်းမပင်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | Production | |
| | သန်း(၄၀၀)အောက် | | | | |
| 21 | Traders Yangon Co.,Ltd. | ၂၂၃၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်။ | CCTO | Hotel | |
| 22 | Mingalardon Industrial Park Co.,Ltd. | အမှတ် ၃လမ်းမကြီးနှင့် ခရေပင်လမ်းထောင့်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | Industrial/ Production | |
| | သန်း(၃၀၀)အောက် | | | | |
| 23 | Thai Airway Intrenational Public Co.,Ltd. | အမှတ် (၃၃၉)၊ခန်း(၁၀)၊ ၁၁ထပ်၊ ဆာကူရာတာဝါ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်။ | CCTO | Air Line | |
| 24 | Golden Hill Tower Ltd. | အမှတ်-(၂၄/၂၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။ | CCTO | Services | |
| 25 | Micasa Hotel Ltd. | အမှတ်-၁၇၊ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်။ | CCTO | Hotel | |
| 26 | SGS (Myanmar)Ltd | ၇၉/၈၀၊ဗဟိုစည်အိမ်ရာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်။ | CCTO | Services | |
| | သန်း(၂၀၀)အောက် | | | | |
| 27 | Myanmar Sutech Co.,Ltd | ၂၀၇/၂၀၈၊ ရတနာအိမ်ရာ၊ ၉-မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Production | |
| 28 | Myanmar DHL Ltd | အမှတ် (၄၅)၊၆မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Services | |
| 29 | Myanmar International Terminals Thilawa Ltd | အမှတ်(၅/၉)၊သီလဝါ၊ ကျောက်တန်းမြို့နယ်။ | CCTO | Services | |
| 30 | Savoy Hotel Co.,Ltd | အမှတ်-၁၂၉၊ဓမ္မစေတီလမ်း၊ ကမာရွတ်မြို့နယ်။ | CCTO | Hotel | |
| 31 | Myanmar Asia Optical International Co.,Ltd | အမှတ်(၃/၄)၊မင်္ဂလာဒုံ၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | Services | |
| 32 | Myanmar LSG Lufthansa Services Ltd | မင်္ဂလာဒုံလေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | Services | |
| 33 | Mega Lifesciences Ltd | အမှတ်-၁က/၇၊ရွှေပင်လုံအိမ်ရာ၊ ဘုရင့်နောင်လမ်းမ၊ (၂၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ | CCTO | Trading | |
| 34 | Myanmar Daewoo International Co.,Ltd. | ရန်ကုန်-ပြည်လမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | CMP | |
| | သန်း(၁၀၀)အောက် | | | | |
| 35 | T.T.A.S Co.,Ltd. | ၈၇-အေ၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် | CCTO | Services | |
| 36 | Myanmar Tasaki Co.,Ltd | ၁၀အေ၊သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်။ | CCTO | Production | |
| 37 | Myanmar Postarion Co.,Ltd. | အမှတ်-၈/ဃ၊မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | CMP | |
| 38 | Myanmar V-pile Co.,Ltd | ၁၀၇-၁၀၉၊အခန်း ၉၀၁-၉၀၂၊ အနော်ရထာလမ်း၊ လသာမြို့နယ်။ | CCTO | Services | |
| 39 | Myanmar Tah Hsin Industrial Co.,Ltd. | Plot D-1, D-2 မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | Industrial/ Production | |
| 40 | Super Coffeemix Ltd | အမှတ် (၁၃၉/၁၄၀)၊ ကွမ်းအပ်မင်းသားလမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)။ | CCTO | Production | |
| 41 | Myanmar Atlantic Co.,Ltd. | အမှတ် ၂၁၆/၂၂၂၊ လေးလွှာ(အေ)၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။ | CCTO | Production | |
| 42 | The First Automotive Co.,Ltd. | အမှတ် ၄၇၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | Production | |
| 43 | Royal Lake Hotel Co.,Ltd. | အမှတ် ၄၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်။ | CCTO | Hotel | |
| | သန်း(၅၀)အောက် | | | | |
| 44 | Myanmar Mamee Double Decker Co.,Ltd. | ၄၁/အမှတ် ၃လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | Production | |
| 45 | Sunny Shoes Co.,Ltd. | အမှတ် ၂၄၇ဘီ၊ ဦးထွန်းညိုလမ်းနှင့် ဦးဘချိန်လမ်းထောင့်၊ တောင်စက်မှုဇုန်-၂၊ လှိုင်သာယာမြို့နယ်။ | CCTO | Industrial/ Production | |
| 46 | Yathar Cho Co.,Ltd. | အမှတ် ၁၁၈၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Trading | |
| 47 | Myanmar Carbonix Co.,Ltd. | LPG ဂတ်(စ်)ဆိုင် BOC မှတ်တိုင်အနီး၊ အင်းစိန်းလမ်းမကြီး၊ အင်းစိန်မြို့နယ်။ | CCTO | Industrial/ Production | |
| 48 | Myanmar Ves JV Co.,Ltd. | ၆၆၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Gems | |
| 49 | Myanmar Care Products Ltd. | အမှတ် ၄၅/၂၊စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။ | CCTO | Production | |
| 50 | Diethelm Travel Co.,Ltd. | ၄၁၂၊ ကုန်သည်လမ်းနှင့် ၄၅လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။ | CCTO | Tourism | |
| 51 | Integrated Customer Services T&T Co.,Ltd. | ၁၁/အေ၊မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်။ | CCTO | T&T | |
| 52 | Asian Trails Tours Ltd. | အမှတ် ၇၃၊ပြည်လမ်း၊ ဒဂုံမြို့နယ်။ | CCTO | Services | |
| 53 | Myan Star Garment Co.,Ltd. | အမှတ် ၉၊ ဥက္ကံမြို့သစ်၊ ပဲခူးတိုင်းဒေသကြီး။ | CCTO | Production | |
| 54 | Air France Co.,Ltd. | အမှတ် ၃၇၊ လေးလွှာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ | CCTO | Services | |
| 55 | Myanmar Allure Group Co.,Ltd. | အမှတ် ၃၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ | CCTO | Trading | |
| 56 | Myanmar Arysta Agro Co.,Ltd. | အမှတ် ၉၅၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်။ | CCTO | Trading | |
| 57 | Qatar Airways (Q.C.S.C) (Yangon Branch) | အမှတ် ၆၅၊ အခန်း(၂၂/၂၃/၂၄)၊ စင်တာပွိုင့်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်။ | CCTO | Services | |
| 58 | Mani Yangon Ltd. | အမှတ် ၆၃၀၊လှည်းငုတ်ချောင်းကွင်း၊ ရန်ကုန်-ပြည်လမ်း၊ မှော်ဘီမြို့နယ်။ | CCTO | C.M.P | |
| 59 | All Nippon Airways Co.,Ltd.(Yangon Branch) | ၀၂၀၁၊ဆာကူရာတာဝါ၊အမှတ် ၃၃၉၊ ဗိုလ်ချုပ်လမ်း၊ ကျောက်တံတားမြို့နယ်။ | CCTO | Air Line | |
| 60 | TI Garment Co.,Ltd. | D-၄၊ မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။ | CCTO | C.M.P | |
| 61 | Myanmar Consolidated Media Co.,Ltd. | အမှတ် ၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။ | CCTO | Production | |
| 62 | Exotissimo Travel Co.,Ltd. | အမှတ် ၃၀၃၊ ဆာကူရာတာဝါ၊ ၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ကျောတက်တံတားမြို့နယ်။ | CCTO | T&T | |
| 63 | Fukken Co.,Ltd.(Branch Yangon) | ၅-စီ၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်။ | CCTO | Service | |
| 64 | Weng Hong Hung Garment Manufacturing(Yangon)Co.,Ltd. | အမှတ် ၇၈၊ ဦးရွှေအိုးလမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်။ | CCTO | C.M.P | |
| 65 | Serge Pun & Associates (Myanmar) Ltd. | အမှတ် ၃၈၀၊FMI Center ဗိုလ်တထောင်ဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်။ | CCTO | Services | |
| 66 | Myanmar Citra Electrical Co.,Ltd. | ၂၃၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်။ | CCTO | Trading | |
| 67 | La Source Trading Ltd. | အမှတ် ၈၀-ဗ၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်။ | CCTO | Trading | |

## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၃-၂၀၁၄စည်းကြပ်နှစ်အတွက် ၃၁-၃-၂၀၁၄ရက်နောက်ပိုင်းတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သူ နိုင်ငံခြားကုမ္ပဏီလုပ်ငန်းရှင် ရှစ်ဦးစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

| စဉ် | ဝင်ငွေ | ဦးရေ |
|---|---|---|
| ၁ | သန်း ၈၀၀၀ အထက် | - |
| ၂ | သန်း ၅၀၀၀ အောက် | - |
| ၃ | သန်း ၄၀၀၀ အောက် | - |
| ၄ | သန်း ၃၀၀၀ အောက် | - |
| ၅ | သန်း ၂၀၀၀ အောက် | - |
| ၆ | သန်း ၁၀၀၀ အောက် | - |
| ၇ | သန်း ၉၀၀ အောက် | - |
| ၈ | သန်း ၈၀၀ အောက် | - |
| ၉ | သန်း ၇၀၀ အောက် | - |
| ၁၀ | သန်း ၆၀၀ အောက် | - |
| ၁၁ | သန်း ၅၀၀ အောက် | - |
| ၁၂ | သန်း ၄၀၀ အောက် | ၁ ဦး |
| ၁၃ | သန်း ၃၀၀ အောက် | - |
| ၁၄ | သန်း ၂၀၀ အောက် | ၁ ဦး |
| ၁၅ | သန်း ၁၀၀ အောက် | ၃ ဦး |
| ၁၆ | သန်း ၅၀ အောက် | ၃ ဦး |
| | စုစုပေါင်း | ၈ ဦး |

## ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်၊ ၃၁-၃-၂၀၁၄ ရက်နောက်ပိုင်း ဝင်ငွေခွန် အများဆုံးပေးဆောင်သူ နိုင်ငံခြားကုမ္ပဏီများစာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | သန်း ၄၀၀ အောက် | | | | |
| 1 | PRA-FMI Pansea Hotel Development Co.,Ltd | အမှတ် ၃၅၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်။ | CCTO | Hotel | 8.4.2014 |
| | သန်း ၂၀၀ အောက် | | | | |
| 2 | Jewoo Manufacturing Co.,Ltd | အမှတ် ၁၀၄/၁၀၇၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်။ | CCTO | Production | 28.5.2014 |
| | သန်း ၁၀၀ အောက် | | | | |
| 3 | Chin Su Myanmar Co.,Ltd | အခန်း၃၀၄၊ အခန်း ၁/ခ၊ ၉ မိုင်၊ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Industrial | 21.7.2014 |
| 4 | Myanmar Integrated Port Ltd | အမှတ် ၄၊ သီလဝါဆိပ်ကမ်း၊ ကျောက်တန်း၊ သန်လျင်မြို့နယ်။ | CCTO | Services | 14.8.2014 |
| 5 | Myanmar Glogon Co.,Ltd | အမှတ် ၉၀/၉၁၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ တောင်ဒဂုံမြို့နယ်။ | CCTO | Services | 12.7.2014 |
| | သန်း ၅၀ အောက် | | | | |
| 6 | Chiyoda and Public Works Co.,Ltd | ၂၀၁/၂၁၆၊ Prime Hill Business Square, No.60. Shwe Dagon Pagoda Road, Dagon | CCTO | Services | 29.5.2014 |
| 7 | Myanmar Pongpipat Co.,Ltd | အမှတ် ၁၃၁၊ ပထမထပ်၊ မောရဝတီလမ်း၊ ၈မိုင်၊ မရမ်းကုန်းမြို့နယ်။ | CCTO | Production | 26.5.2014 |
| 8 | Myanmar ECL Co.,Ltd | အမှတ် ၂၂၂/၂၂၆၊ ၆လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။ | CCTO | Services | 16.7.2014 |

## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ၃၁-၃-၂၀၁၄ရက်နောက်ပိုင်းတွင် ကုန်သွယ် လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင် နှစ်ဦးစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

| စဉ် | ကျသင့်ကုန်သွယ်လုပ်ငန်းခွန် | အခွန်ထမ်းဦးရေ |
|---|---|---|
| ၁ | ကျပ်သန်း ၄၀ အောက် | ၂ ဦး |
| | စုစုပေါင်း | ၂ ဦး |

## ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်၊ ၃၁-၃-၂၀၁၄ ရက်နောက်ပိုင်း ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သူ နိုင်ငံခြားကုမ္ပဏီများ

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း အမျိုးအစား | မှတ်ချက် ပေးသွင်းသည့်ရက် |
|---|---|---|---|---|---|
| | ကျပ်သန်း ၄၀ အောက် | | | | |
| ၁ | Myanmar Vineyard Estate Co.,Ltd | အမှတ် ၃၈(ဂျီ)၊ မဥ္ဇူလမ်း၊ ပါရမီ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | 26.5.2014 |
| ၂ | Myanmar DCR Co.,Ltd. | အမှတ် ၄၀၈၊ ၅ လွှာ၊ ယုဇနတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | 29.4.2014 |

မှတ်ချက် ။ အထက်ဖော်ပြပါ နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များ၏စာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သည့် www.irdmyanmar.gov.mm တွင်လည်းကောင်း၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်၊ မန္တလေး)များတွင်လည်းကောင်း ကြေညာထားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

# အင်းတော်ကြီးဒေသတွင် မိုးစပါးများ အမိုးအကာအောက် အမြန်ရောက်ရှိရေး ခြွေလှေ့စက်များဖြင့်ဆောင်ရွက်

**မိုးညှင်း၊ ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် မိုးစပါးများရိတ်သိမ်းပြီးနောက် အမိုးအကာအောက် အမြန်ရောက်ရှိရေးအတွက် ခြွေလှေ့စက်များကို အသုံးပြုကာ ဆောင်ရွက်လျက်ရှိသည်။

အင်းတော်ကြီးဒေသသည် မိုးကောင်းပြီး စိုက်ပျိုးရေ အလုံအလောက်ရရှိသဖြင့် အောင်မြင်ဖြစ်ထွန်းကာ ရိတ်သိမ်းချိန်တွင် အချိန်အခါမဟုတ် ရွာသွန်းနိုင်သော မိုးကို ရှောင်ရှားနိုင်ရန်အတွက် တောင်သူဦးကြီးများက ရိတ်သိမ်းပြီးစပါးများကို ခြွေလှေ့စက်များ အသုံးပြု၍ အမိုးအကာအောက် အမြန်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ဒီနှစ်မှာ မိုးကောင်းတဲ့အတွက် စိုက်ပျိုးရေ အလုံအလောက်ရပြီးစပါးပင်တွေလည်း ဖြစ်ထွန်းပါတယ်။ ကျွန်တော် မိုးစပါး ခုနစ်ဧကခွဲ စိုက်ပျိုးထားပါတယ်။ ဓာတ်မြေဩဇာတွေကို မသုံးစွဲဘဲ ချောင်းက ရေကိုသွယ်ယူပြီး သဘာဝအတိုင်း စိုက်ပျိုးထားတာပါ။ တစ်ဧကကို တင်း ၁၀၀ လောက်ထွက်မယ်လို့ခန့်မှန်းပါတယ်။ ပုလဲဓာတ်မြေဩဇာနဲ့ အခြားဓာတ်မြေ ဩဇာတွေကို သုံးစွဲမယ်ဆိုရင် ဒီထက်မက စပါးအထွက်တိုးမှာပါ။ နှစ်တိုင်းကတော့ တင်း ၁၀၀ နီးပါး ပုံမှန်ထွက်ပါတယ်။ ဒီဒေသမှာ အချိန်အခါမဟုတ်မိုးရွာတတ်ပြီး ဆုံးရှုံးမှုတွေ ဖြစ်တတ်တာမို့ ခုနောက်ပိုင်းမှာ ကျွန်တော်တို့တောင်သူတွေဟာ ခြွေလှေ့စက်တွေကို အသုံးပြုပြီး စပါးတွေကို အမိုးအကာအောက် အမြန်ရောက်ရှိစေရေးအတွက် ဆောင်ရွက်နေကြပါတယ်" ဟု ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စု၊ နန့်မွန်းကျေးရွာ နန့်ပန်းကိုင် ကွင်း၊ ကွင်းအမှတ် ၄၀ မှ တောင်သူကြီးဦးကျော်ဝင်းက ပြောသည်။

အင်းတော်ကြီးဒေသတစ်ခုလုံး၏ မိုးစပါးစိုက်လယ်ဧက စုစုပေါင်းမှာ ၄၀၅၀၅ ဧကရှိပြီး အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စုတစ်ခုတည်းတွင်၅၂၈၉ဧကထွက်ရှိကြောင်း၊ အများစု မှာ မိုးရေခံလယ်မြေများဖြစ်ပြီး နန့်ကင်ချောင်းကဲ့သို့ တောင်ကျချောင်းကို သွယ်ယူကာ စိုက်ပျိုးကြမှုများလည်းရှိကြောင်းသိရသည်။ **ဝ၅၈**

# သာစည်မြို့နယ်အတွင်း ကျောက်ချောလမ်းခင်း

**သာစည် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် သာစည်-ညောင်ရမ်းလမ်းမှ ပေါက်တောကျေးရွာသို့သွားသည့် မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

သာစည်-ညောင်ရမ်းလမ်းမှ ပေါက်တောမြေသားလမ်းသည် ပေါက်တောကျေးရွာ၊ အင်းရွာနှင့် ဆင်ဝင်ကျေးရွာများမှ သာစည်မြို့သို့ ဆက်သွယ်သွားလာရာတွင် အဓိကကျသောလမ်းဖြစ်သည်။

အဆိုပါကျေးရွာများမှ ဒေသခံများအနေဖြင့် ပွင့်လင်းရာသီများတွင် သွားလာရန်လွယ်ကူသော်လည်း မိုးတွင်းကာလရောက်ရှိပါက သွားလာရန်ခက်ခဲလျက်ရှိရာ ကျောက်ချောလမ်း ခင်းကျင်းပြီးပါက ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

ယင်းလမ်းကြောင့် အိမ်ခြေ ၄၆၇အိမ်၊ လူဦးရေ ၂၂၅၀ ရှိ ပေါက်တော၊ အင်းရွာနှင့် ဆင်ဝင်ကျေးရွာတို့မှ ဒေသခံများဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်များစွာအထောက် အကူပြုမည်ဖြစ်သည်။

အဆိုပါ ကျောက်ချောလမ်းအရှည်မှာ ၁ မိုင် ၅ ဖာလုံ ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၄၈ ဒသမ ၅၃ သန်းဖြင့် UNIQUE DESIGN ကုမ္ပဏီမှ တာဝန်ယူ ခင်းကျင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

# အင်းစိန်တွင် စုပေါင်းလမ်းလျှောက်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ဒီဇင်ဘာ တတိယအပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကိုဒီဇင်ဘာ ၂၀ရက်နံနက် ၅နာရီက မြို့နယ်ဒေသန္တရရှေ့မှ လမ်းသစ်လမ်းအတိုင်း ရွှေပြည်အေးလမ်းတို့မှ ဘူတာရုံလမ်းအတိုင်း စုရပ်ဖြစ်သော အင်းစိန်မီးရထားဘောလုံးအားကစားကွင်းသို့လမ်းလျှောက်ပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့် ဦးဆောင်သော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့နယ်အားကစား ဦးစီးအရာရှိ ဒေါ်အေးအေးမော်နှင့် အားကစားသမားများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာများ၊ အမ်ဂျီအိုများ၊ ပြည်သူများ စုစုပေါင်း ၁၀၀၀ ခန့်ပါဝင်ကြောင်း သိရသည်။ **(၆၈၄)**

# ဆင်ခြေထောက်ရောဂါကာကွယ်ရေး ဆေးတိုက်ကျွေးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေး

**ကျောက်တန်း၊ ဒီဇင်ဘာ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်းဝေးခန်းမတွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားမြို့အထွေထွေအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ ဒေါက်တာဗိုလ်မင်းက ဆင်ခြေထောက်ရောဂါ သိကောင်းစရာများ၊ ကာကွယ်ဆေးသောက်ခြင်း၏ အကျိုးအာနိသင်များနှင့် အသက်အရွယ်အလိုက် တိုက်ကျွေးရမည့် စံနှုန်းများကို ဆွေးနွေးမှာကြားကာ ကျန်းမာရေးဆရာမက NGO များနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးကို ပထမပတ်အနေဖြင့် ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ တိုက်ကျွေးမည်ဖြစ်ပြီး (၅) နှစ်ဆက်တိုက် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရွှေ(ရွှေတံတား)**

**လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

# ကော့ကရိတ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများအခမဲ့ဆောင်ရွက်ပေး

**ကော့ကရိတ်၊ ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ် မိုးပွင့်အဆင့်(၇)စီမံချက် ကရင်ပြည်နယ်လူဝင်မှုကြီး ကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC အဖွဲ့တို့၏ အထောက်အပံ့ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်မွန်းလွဲ ၂ နာရီက ကော့ကရိတ်မြို့နယ် ရေကျော်ကြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါနိုင်ငံ သားစိစစ်ရေးကတ်ပြား အခမဲ့ပြုလုပ်ခြင်းကို ကော့ကရိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစောချစ်သန်းမှ မြို့နယ်နှင့်ဝေးလံသောကျေးရွာများတွင် အခမဲ့ပြုလုပ်ပေးခြင်းဖြစ်သောကြောင့် ရွာသူ၊ ရွာသားများအတွက် အဆင်ပြေကြောင်း ပြောကြားခဲ့သည်။

မြို့ပေါ်သို့တက်ပြီး မှတ်ပုံတင်ဆောင်ရွက်ရန်အတွက် လမ်းခရီးဝေး ခြင်းကတစ်ကြောင်း၊ မအားလပ်၍တစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် အသက်ကြီးမှ ပြုလုပ်ရသဖြင့် ယခုကဲ့သို့ လာရောက်ပြုလုပ်ပေးခြင်းကို အထူးကြိုဆိုကြောင်း ယင်းရွာသူ၊ ရွာသားများက ပြောသည်။

ကော့ကရိတ်မြို့နယ်တွင် မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် ကော့ဝါလဲကျေးရွာတွင် ၄၉၃ ဦး၊ မြောက်ကမ္ဗရိုက်ကျေးရွာတွင် ၂၇၃ ဦး၊ ကော့ပေါက်ကျေးရွာတွင် ၁၇၆ ဦး၊ ရေကျော်ကြီးကျေးရွာတွင် ၂၂၈ ဦးဖြင့် စုစုပေါင်း ၁၁၇၀ ဦးအား ကော့ကရိတ် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**


အိမ်တွင်အလွယ်တကူစနစ်တကျတရားကျင့်လိုသူများအတွက်

"လယ်တီမှ အနာဂါမ်ဆရာသက်ကြီး တရားရှုနည်း"

အချိန်ပိုင်း(၇)ရက် ကျင့်စဉ် ပို့ချချက်တရားရှုကွက်

ဆရာမဒေါ်ခင်အေးဝင်း

B.A ( Buddha Dhamma )

တစ်နေ့သေရမည့် လူတိုင်းအတွက်

"မသေခင်အရင်ဦးပါစေ"

*ရှင်ငြိမ်းရှင်*

(မှာဒါနပြုလိုသူများ ဆက်သွယ်နိုင်ပါပြီ။)

ရှင်ငြိမ်းရှင်စာပေ ➤ ✆ 052-46284 , 09 - 250543417 , Email : shinnyein123@gmail.com



**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်**

**ရွှေရတုအထိမ်းအမှတ်ပွဲတော်ဖိတ်ကြားလွှာ**

သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားတုကျွမ်းကျင်သူများ၊ သွားကျန်းမာရေးဆရာမများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး

အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လှိုက်လှဲစွာဖိတ်ကြားပါသည်။

| နေ့ရက် | အချိန် | နေရာ |
| --- | --- | --- |
| ၂၆ ဒီဇင်ဘာလ ၂၀၁၄ | နံနက် ၉း၃၀ နာရီ | အမှတ်-၅၈၂၊ သံသုမာလမ်း၊ သွပ်ဝိုင်းကြီး |
| ၂၇ ဒီဇင်ဘာ၂၀၁၄ | နံနက် ၇း၃၀ နာရီ | ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |

တက္ကသိုလ်ဝင်းအတွင်း ယာဉ်ရပ်နားရန်နေရာအခက်အခဲရှိပါသဖြင့် ကြိုတင်စီစဉ်နိုင်ရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။

ကျင်းပရေးဗဟိုကော်မတီ



**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း (၁)လမ်း၊ အမှတ် (၂၀)ဟုခေါ်တွင်သော နှစ်ခန်းတွဲ (၆)ထပ်တိုက်မှ ခေါင်းရင်းခန်း၊ တတိယထပ်၊ (၄)လွှာ၊ (၁၂½ ပေ × ၅၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်**

အထက်ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေသွယ်စိုး (၁၄/မမန(နိုင်) ၁၅၄၂၅၉)မှ (၂-၉-၂၀၁၄) ရက်နေ့တွင် ဂရန်အမည်ပေါက်မြေရှင် ဒေါ်စောခ (၁၂/လမန(နိုင်)၁၀၃၆၆၂)ထံမှ ကြိုပို့ငွေစနစ်ဖြင့် တိုက်ခန်းရောင်းဖိုးငွေ၏ (၅၀%)ကျော်ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများ၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ကေသီစိုး (LL.B., WIPO)

တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၈၀၆)

Ph : 09 420002886, 09 420073239



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ အမှတ်(၄၉၃)၊ ခေမာသီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ်(ခြေရင်း)တိုက်ခန်းအား လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးအေးသန့်[၁၂/ကတတ(နိုင်)၀၀၄၁၅၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄) | ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) | ဒေါ်ဝေဖြိုးအောင်(စဉ်-၄၄၀၀၃)
တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ

အမှတ်(၆၀)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၄၃၁၁၅၄၃၂



**အများသိစေရန်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုကွန်ဒို၊ အခန်း(၁၀၄)နေ ဦးရွှေအေး[၇/ရတန(နိုင်)၀၁၆၀၈၄]ကိုင်ဆောင်သူက အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်အမည်ပါ ဦးရွှေအေးနှင့် ဒေါ်စန်းစန်း[၇/ရတန(နိုင်)၀၀၃၄၇၉] ကိုင်ဆောင်သူတို့သည် လွန်ခဲ့သော (၇-၆-၁၉၇၆)ခုနှစ်မှစ၍ မြန်မာဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ပြီး သားသမီး(၂) ဦးထွန်းကားခဲ့ပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် ၈-၁၂-၂၀၁၄ရက်တွင် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ကြောင်းနှင့် ဒေါ်စန်းစန်း၏ ပြုလုပ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဦးရွှေအေးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးရွှေအေး[၇/ရကတ(နိုင်)၀၁၆၀၈၄]


Golden
Golden Myanmar Airlines
Tachileik
Naung U
Lashio
Kyaing Tong
Thandawe
Myitkyina
Yangon
Imphal
Chiang Mai
Myeik
Bhamo
Putao
Gaya
Tickets are available Now!
Mandalay
Singapore
Bangkok
ခရစ္စမတ် နှင့် နှစ်သစ် အခါသမယတွင် ကိုယ်စိတ်နှဖြာ ကျန်းမာ
ပျော်ရွှင်နိုင်ပါစေကြောင်း ရွှေမြန်မာလေးကြောင်းလိုင်း မှ
ဆုမွန်ကောင်း တောင်းလိုက်ပါသည်။
www.gmairlines.com
www.facebook.com/GMAirlines
Hotline +95 1 8604035 ~8
Ground floor, Corner of New University Avenue & Sayar San Road, Sayar San Plaza, Bahan Tsp, Yangon, Myanmar


Merry Christmas &
Happy New Year
"ခရစ္စမတ်နှင့် နှစ်သစ်ကူးချိန် အခါသမယတွင်
မြန်မာပြည်သူ၊ ပြည်သားအပေါင်း 'အော်ရာမင်–ဂျီ' နှင့်အတူ
ခန္ဓာသန်စွမ်း စိတ်ရွှင်လန်းလျက်
ကောင်းချီးမင်္ဂလာအများနှင့် ပြီးပြည့်စုံပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
ခန္ဓာသန်စွမ်းစိတ်ရွှင်လန်းဖို့ 'အော်ရာမင်–ဂျီ' ကိုသောက်ကြပါစို့ ....
MARKETED BY:
AA MEDICAL PRODUCTS LTD.
Manufactured by
DAEWON PHARM. CO., LTD.

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

## ဦးကိုကိုလေး(ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့)

## အသက်(၇၆)နှစ်

ASIA EXPRESS CO.,LTD ၏ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်-ဒေါ်သက်သက်နိုင်တို့၏ အစ်ကိုကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **စိုးမိသားစု**

---

## (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ဦးတင်မောင်ဝင်း

**ဒုတိယ အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

ချစ်လှစွာသော မိသားစုနှင့် ခွဲခွာသွားသည်မှာ ယနေ့ ၂၅-၁၂-၂၀၁၄ရက်တွင် (၁၀)နှစ်တင်းတင်း ပြည့်မြောက်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ပါ။ ကို့အတွက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ်နှင့်အမျှ ပြုခဲ့သောကောင်းမှုကုသိုလ် အလှူဒါနအစုစုတို့အတွက် ကောင်းမြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး** - **ဒေါ်မြဝင်း(ခ)ဒေါ်မြမြဝင်း**
**သမီးကြီး** - **မဝင်းနုနုဝင်း**
**သမီးငယ်** - **မစုသွယ်သွယ်ဝင်း-ကိုစိုးမိုးအောင်**
**သားငယ်** - **မောင်ဉာဏ်ပေါ်ထွန်း- မအေးမြသီတာကျော်**
**မြေးငယ်** - **Mervin Aye Tun**

---

## လွမ်းဆွတ်သတိရခြင်း

### ဦးတင်မောင်ဝင်း

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

၂၅-၁၂-၂၀၁၄ရက်တွင် (၁၀)နှစ်ပြည့်ပြီ ဆရာ၊ ဆရာခွဲခွာသွားတာကြာသော်လည်း တပည့်တို့မိသားစုမှ ဆရာ့ကို အမြဲတမ်း သတိရ မမေ့နိုင်သေးပါဆရာ။

ဆရာ့ရဲ့ သွန်သင်ဆုံးမခဲ့တာတွေကို ကြားယောင်ရင်း တပည့်တို့ ဆက်လက်ရှင်သန်လျက် ကျန်ရစ်သော ဆရာ့မိသားစုနဲ့အတူ ကောင်းမှုကုသိုလ်များကို ပြုလုပ်လျက်ရှိပါသည် ဆရာ။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာ ကောင်းရာသုဂတိဘုံဌာနသို့ ရောက်ရှိပါစေလို့ အမြဲဆုတောင်းလျက်ပါ ဆရာ---

**တပည့် ဦးခင်ဇော်-ဒေါ်ရီရီသန်း မိသားစု**

---

## ကျေးဇူးတင်ရှိပါကြောင်း

၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားခဲ့သော ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း)(DSA-၁၆) ဆေးကုသမှုခံယူနေစဉ် စေတနာ အပြည့်ဖြင့် စိတ်ရောကိုယ်ပါ ကြည့်ရှုစောင့်ရှောက်မှုပေးခဲ့ကြသော ပင်လုံဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး Dr.ဦးတက်ထွန်းချစ်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr.ဦးသူရလွင်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမကြီး ဒေါ်ကြည်ကြည်တင်နှင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဈာပနဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော (DSA-၁၆)မှ အရာရှိများ၊ အငြိမ်းစားအကောက်ခွန် အရာရှိများအားလည်းကောင်း၊ ဆေးတက္ကသိုလ်(၂)2004 Batch မှ ဆရာဝန်များ၊ MBA-04-2014(MIC)မှ ဆရာ၊ ဆရာမများနှင့် သင်တန်းသားများနှင့် နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးများ၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

### ဦးသိန်းဝင်း (၇၆)နှစ်

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**
**(ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ)**

ဗိုလ်တထောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ခြံအမှတ်(၂/၃/၄)နေ သီဟသုဓမ္မသိင်္ဂီသီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီ၏ ချစ်လှစွာသောခင်ပွန်း၊ လူမှုထူးချွန်(ဒုတိယဆင့်)၊ ဝဏ္ဏကျော်ထင် ဦးကျော်ဝင်းနှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းမောက်လောဝ်ဆိုင်တို့ပါ သားသမီး(၄)ယောက်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းဝင်း (၇၆)နှစ်သည် ၂၁-၁၂-၂၀၁၄ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**သီတဂူဆရာတော်ဦးဆောင်သော သီတဂူသာသနာပြုအဖွဲ့လူကြီးများ**

---

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်မမစိုး

ဒု-ဌာနမှူး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ ရန်ကုန်စက်မှုတက္ကသိုလ်

**ချစ်ဝင်း...သို့**
- ရတနာသုံးပါး ... ရှေ့ဆောင်လှမ်း၊
  သဒ္ဓါစွမ်းအား ... အံ့မခန်း၊
  စောင့်ထိန်းသီလ ... မလွတ်တန်း၊
  မြတ်လှူ ဒါန ... မှတ်ကျောက်စာတမ်း၊
  လုံးလ စိုက်ထုတ် ... ဘာဝနာအခန်း၊
  သံမဏိစိတ်ဓါတ် ... ကြံ့ခိုင်မရမ်း၊
  ရက်လကြာညောင်း ... ၂-နှစ်လည်းပြောင်း၊
  ဘယ်မှာမေ့မရ ... ခရစ္စမတ်။
- ဆုံးရှုံးခြင်းအတွက် ... ရင်တွင်းကြေမွ၊
  ဒါဏ်ရာစဖြင့် ... တစ်သက်မပြောက်၊
  မဖျောက်နိုင်လည်း ...သံသရာခရီးသွား
  ခြောက်သွေ့လျှောက်လမ်း ... ကြင်ဖော်မဲ့လမ်း၊
  စိတ်ဝယ်မြဲသိပ် ...ခံစား ကြိတ်မှိတ်၊
  ပန်ဆင်ထိပ်ထား ... ရတနာသုံးပါး၊
  နားလည်ခဲ့တာ ... လောကဓံတရား။

**ချစ်လေလေ..သို့**
- ချစ်သောမေမေ ... ၂ နှစ်လည်းမပြေ
  အချိန်တဝေးဝေး ... ရှိလာလည်းလေ
  နာကျင်နလုံး ... ရင်တွင်းမဆုံး။
- မေမေ့ အကြင်နာ ... ရဘို့ကံခေ
  ဘဝမှာလေ၊ တွေ့ ကြုံဆုံကွဲ ... တခဏသာပေ
  ရင်နင့်လွမ်းရ ... သမီးဘဝ။
- လောကီပညာ၊ နို့ရည်သောက်ဆဲ ... သမီးလေးမို့
  မေမေ့အစီအစဉ်၊ ကြီးမားမေတ္တာ ... ဖန်တီးထားလည်း
  မေမေ့ ပညာ၊ နို့ရည်ခြောက်ခန်း ... မစို့လိုက်ရ သမီးဘဝ။
- မေမေ့ အဆုံးအမ ... ရင်ဝယ်အမြစ်တွယ်
  ငယ်စဉ်ကတည်းက ... သင်ကြားရာဝယ်
  ဘဝတစ်လျှောက်၊ စောင့်ထိန်းပါ့မယ်
  ဘယ်မှာမေ့မရ ... သမီးဘဝ။

"ချစ်သောမေမေ၊ သံသရာအတွင်း၊ ဝဋ်ကြွေးအကျန်၊ ရှိသေးခဲ့လျှင်
ဒီဘဝနောက်ဆုံး၊ ကွေကွင်းပျောက်ဆုံး .... ရှိပါစေသော် "....။
ချစ်ဇနီး / ချစ်မေမေ ...... အားရည်စူး၍
ယနေ့အထိ ပြုပြုခဲ့သမျှသော ကောင်းမှု ကုသိုလ် အစုစု
|သီလ၊ ဒါန၊ ဘာဝနာ| တို့ကို ရောက်ရာ ဘုံဘဝ၌
အမျှ.. အမျှ .. အမျှ ရ၍ သာဓု ခေါ်နိုင်ပါစေ .....
တရားထူး တရားမြတ် များရရှိပြီး ဘုံဘဝအဆင့်ဆင့် တက်ကာ
နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ .......။

ခင်မရေ /မေမေရေ . . . အမျှ . . . အမျှ . . .အမျှ

**ချစ်ခင်ပွန်း – ဉာဏ်ဝင်း၊ ချစ်သမီး – ခိုင်ပွင့်ခတ္တာ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအီကင်း (ကျုံပျော်)

**အသက်(၉၉)နှစ်**

Summit Myanmar Co.,Ltd.မှ ဒါရိုက်တာ ဦးသက်ဝင်းနှင့် ဒေါ်သီတာလွင်တို့၏ ချစ်လှစွာသောဖခင် ဦးအီကင်း အသက်(၉၉)နှစ်သည် ၂၁-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Summit Myanmar Co.,Ltd.**

---

## (၆)လပြည့်အလွမ်း

### ဦးဇော်ဇော်မင်း (၄၃)နှစ် (၄၉)လမ်း

**(မန်နေဂျင်းဒါရိုက်တာ၊ COMRADE Co.,)**

တစ်ဦးတည်းသောသားကြီး ဇော် ကွယ်လွန်ခဲ့သည်မှာ ၂၅-၁၂-၂၀၁၄ ရက်တွင် (၆)လပြည့်ခဲ့ပါပြီ။ သားကြီး ဇော်အတွက် ပါပါ၊ မေမေတို့ ပြုလုပ်သော ကုသိုလ်ဒါန ကောင်းမှုပြုသမျှကို အမျှပေးဝေပါတယ်။ ကောင်းရာသုဂတိဘုံမှ သာဓုခေါ်ပါ သားရယ်-

**ပါပါ** - **ဦးမြသိမ်း (Ex- Geologist)**
**(ဘာသာပြန်စာရေးဆရာ)**
**မေမေ** - **ဒေါ်လှမြသိမ်း (မန်နေဂျာ-ငြိမ်း)**
**ညီမလေး** - **ဒေါ်မြချောဥမ္မာ-ဦးအောင်လင်း**
**(ကထိက၊ ဒဂုံတက္ကသိုလ်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် သာသနာ့ဒါယကာကြီး**
**လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊**
**သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

### ဦးသိန်းဝင်း(ခ)လင်ကမ်းစိန် (၇၆)နှစ်

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**
**(ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ)**

ဗိုလ်တထောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ခြံအမှတ်(၂/၃/၄)နေ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီ၏ချစ်လှစွာသောခင်ပွန်း၊ လူမှုထူးချွန်(ဒုတိယဆင့်) ဝဏ္ဏကျော်ထင် ဦးကျော်ဝင်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းမောက်လောဝ်ဆိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းဝင်း(ခ)လင်ကမ်းစိန် (၇၆)နှစ်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **အောင်မျိုးဟိန်း သဘော်ဆေးဆိုင် မိသားစု**

---

## လွမ်းဆွတ်သတိရခြင်း

### ဒေါ်မေချယ်ရီအောင် အသက်(၃၅)နှစ်

သူငယ်ချင်းရယ် အကြွေစောလွန်းပါတယ်။ အရာရာမှာ စိတ်ကောင်းထားတတ်တယ်။ သူငယ်ချင်းများအပေါ် ရိုးသားဖြူစင်စွာ အစ်မကြီးတစ်ယောက်လို ကျင့်ကြံတတ်တယ်။ ဝဋ်ကြွေးရှိရင်လည်း ဒီဘဝနဲ့ ကျေပါစေတော့။ ဘဝအဆက်ဆက် ကျန်းမာ၍ အသက်ရှည်ပါစေကွယ်၊ သူငယ်ချင်း[မေချယ် (အဖွားကြီး)]နဲ့ အတူတကွ ပြုလုပ်ခဲ့ဖူးသော အလှူဒါနကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။ ရောက်ရှိရာဘုံဘဝမှာ သာဓုခေါ်ဆိုနိုင်ကြပါစေ။

**ချစ်သော ဒယ်ဒီ၊ ထက်ကြီး၊ ဇင်ဇင်၊ ပိုင်ပိုင်၊ Dido,TD,ZC,AMT,THS,TTC**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း) (ကြည်း-၁၃၀၉၉၊ D.S.A-16)

**အသက်(၆၃)နှစ်**

ဒေါ်ခင်ခင်နီ၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာဟိန်းသူရစိုး၏ ချစ်လှစွာသောဖခင်သည် ၁၉-၁၂-၂၀၁၄ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဟန်စိုး-ဒေါ်ချိုချိုစိန်(ပြည်တွင်းအခွန်)**
**သမီး-မခိုင်ဇင်ဇင်စိုး(Final Part II)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၄၁)၊ မြေကွက်တည်နေရာအမှတ်(၄၁)၊ မင်းရဲနရပတိလမ်း၊ (ဦးထိန်ဝင်း)[၁၂/လမန(နိုင်)၀၂၆၅၁၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးထိန်ဝင်း ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်သန်း[၁၂/လမန(နိုင်)၀၂၆၅၅၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၇၀၂)၊ မြေကွက်တည်နေရာအမှတ်(၇၀၂)၊ စာဂ(၁၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်လှလှဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှလှဝင်း[၁၂/ဥကတ(နိုင်)၀၃၃၀၄၇] (AD-၀၂၂၇၁၃)ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

**(ပဲခူးမြို့) အောင်သုခမ္မရိပ်သာ၊ ယောဂီ**
**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ နာယကလူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိန်သစ်(TOSTA GROUP LTD)**
**ဦးအောင်သစ်လှိုင်(M.I.C)**
**ဦးဉာဏ်သစ်လှိုင်(New Generation Co.,Ltd.)**

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဗိုလ်ရှုခံအခမ်းအနား အကြိုလေ့ကျင့်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဗိုလ်ရှုခံအခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်၌ ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုလေ့ကျင့်နေမှုနှင့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအေးမြင့်ကြူ၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ တာဝန်ရှိသူများနှင့်အတူ နံနက် ၈ နာရီခွဲတွင် ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားကျင်းပမည့် ဗိုလ်ရှုခံမဏ္ဍပ်သို့ရောက်ရှိပြီး အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လုံခြုံရေးနှင့် သတင်းထုတ်ပြန်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအစီအစဉ်များဖြစ်သည့် အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ စုရပ်ကွင်းသို့ ချီတက်နေရာယူခြင်း၊ နိုင်ငံတော်သမ္မတအား အလေးပြုခြင်းနှင့် တပ်စစ်ဆေးခံခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်းနှင့် အောက်မေ့သတိရသောအားဖြင့် နှစ်မိနစ်ငြိမ်သက် ဂါရဝပြုခြင်း၊ နိုင်ငံတော်သမ္မတ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့မိန့်ခွန်းနာယူခြင်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



ဒုတိယသမ္မတ ဦးညာဏ်ထွန်း ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား အကြိုလေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



## MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များ ထွက်ပေါ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ပွဲစဉ်(၁)ကို ဇန်နဝါရီ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီနှင့် ချင်းယူနိုက်တက်၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ဧယျာဝတီ၊ ဇန်နဝါရီ ၁၁ ရက်တွင် ဗထူးကွင်း၌ ရတနာပုံနှင့်မကွေး၊ ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့် ဧရာဝတီ၊ အောင်ဆန်းကွင်း၌ မနောမြေနှင့် ကမ္ဘောဇ၊ YUSC ကွင်း၌ ရန်ကုန်နှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို လက်ရှိချန်ပီယံရတနာပုံအသင်းအပါအဝင် ရန်ကုန်၊ ကမ္ဘောဇ၊ မကွေး၊ ဧရာဝတီ၊ နေပြည်တော်၊ မနောမြေ၊ ဇွဲကပင်၊ ဧယျာဝတီနှင့် ချင်းယူနိုက်တက်၊ တန်းတက်အသင်းများဖြစ်သည့် ဟံသာဝတီနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို နှစ်ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်မှ မတ် ၈ ရက်အထိ တစ်ပိုင်း၊ ဇွန် ၂၇ ရက်မှ ဇူလိုင် ၅ ရက်အထိတစ်ပိုင်း ကျင်းပမည်ဖြစ်ကာ ကြားကာလများကို နိုင်ငံတကာပြိုင်ပွဲများကြောင့် ခေတ္တရပ်နားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို

**စာမျက်နှာ ၇ ကော်လံ ၃ သို့ ○**


**ယနေ့ မာတိကာ**

လွတ်လပ်ရေးဆိုသည်မှာ — စာမျက်နှာ - ၂

ဘယ်လိုစဉ်းစားကြမှာလဲ — စာမျက်နှာ - ၆

မိကျောင်းသားရေအချပ် ၃၀၀၀ ထက်မနည်း တရုတ်အကောက်အခွန်ဖမ်းဆီး — စာမျက်နှာ - ၁၂

နေမာနှင့် စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာဆန္ဒရှိနေ — စာမျက်နှာ - ၁၃







themirror.npt@gmail.com
www.facebook.com/themirrordaily
Hot Line No-09-30500100

